ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စနေနေ့၊ (22-11-2014) (၈၀၃၂)

မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေးအပါအဝင် မြို့၏ဖွံ့ဖြိုးတိုးတက်မှုများကို ဌာနဆိုင်ရာ ဝန်ထမ်းများသာမက မြို့တွင်အမြဲအခြေချနေထိုင်လျက်ရှိသည့် မြို့မိမြို့ဖ၊ မြို့သူမြို့သားများနှင့် ညှိနှိုင်းတိုင်ပင်ရေးဆွဲကြရမည်ဖြစ်။

# ဆင်းရဲသည့်ပြည်သူများအတွက် နေထိုင်စရာတစ်ခုတည်း စဉ်းစားစီစဉ်ရုံဖြင့် မပြည့်စုံနိုင် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ တွဲဖက်စဉ်းစားစီမံပေးရမည်

နေပြည်တော် နိုဝင်ဘာ ၂၁

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC - 2)၌ ကျင်းပသည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလိုအပ်ချက်များနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးမှုတိုးတက်ကောင်းမွန်လာစေရန်အတွက် အဓိက အထောက်အကူပြုနိုင်သည့် မြို့ပြနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်စေရန် ရေးဆွဲပြီး ယင်းမူဝါဒအောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း။

ပထမဦးစွာ ပြောကြားလိုသည်မှာ မိမိတို့၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအစရှိသည့် လုပ်ငန်းများတွင် သိသာထင်ရှားစွာဖြင့် လျင်မြန်စွာပြောင်းလဲအကောင်အထည်ဖော်နိုင်ခဲ့သည့် လုပ်ငန်းအများအပြားရှိခဲ့ပြီးဖြစ်သကဲ့သို့ ဥပဒေနှင့် ရေတိုရေရှည်အစီအမံများ ချမှတ်ကာ အချိန်ယူဆောင်ရွက်ရသည့် ကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ အထူးသဖြင့် အချိန်ယူဆွေးနွေးညှိနှိုင်း တိုင်ပင်ပြီးမှ မူဝါဒနှင့်ဥပဒေများမှ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ရပါကြောင်း၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းများကို အချိန်ယူပြင်ဆင်ရသည့် ကိစ္စများထဲတွင် မြေအရင်းအမြစ်နှင့်သက်ဆိုင်သည့် ကိစ္စများ၊ ငွေအရင်းအနှီးနှင့်ဆိုင်သည့် ကိစ္စရပ်များအပါအဝင် အချို့ကိစ္စများသည် စားပွဲဝိုင်းတွင် ဆွေးနွေးရုံနှင့်မပြီးဘဲ မြေပြင်တွင် ကွင်းဆင်းလေ့လာတွက်ချက်ကာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ Stakeholder များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကိစ္စများဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းများတွင်လည်း နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအလိုက် အသေးစိတ်ဖြစ်နိုင်ခြေ လေ့လာမှုများကို အနည်းဆုံးတစ်နှစ်မှ နှစ်နှစ်အထိ အချိန်ယူလေ့လာတွက်ချက်ဆောင်ရွက်မှသာလျှင် အခြေခံအုတ်မြစ်ကောင်းကောင်း ချနိုင်ကာ ရေရှည်ဖွံ့ဖြိုးမှုအတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး မူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)





## ထူးခြားသည့် ညအပူချိန်များ

ဟားခါး

၁ ဒီဂရီစင်တီဂရိတ်

လွိုင်လင်

၆ ဒီဂရီစင်တီဂရိတ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။



## ကြေးမုံ စာတည်း ရှုထောင့် ၂၂-၁၁-၂၀၁၄၊ စနေနေ့

# ဖွံ့ဖြိုးမှုအနည်းဆုံးအဆင့်မှလွတ်မြောက်ရမည်

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအား သုံးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သောအခါ စံနှုန်းသုံးခုအနက် မည်သည့်စံနှုန်းနှစ်ခုမဆို နှစ်ကြိမ်ဆက်တိုက်ပြည့်မီပါက ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဟု ယေဘုယျသတ်မှတ်ထားပေသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအစီရင်ခံစာ ၂၀၁၃ ၌ ဖော်ပြပါရှိသော မြန်မာနိုင်ငံ၏ အညွှန်းကိန်းများအရ ၂၀၁၂ ခုနှစ်သုံးသပ်ချက်တွင် သတ်မှတ်ခဲ့သော လွတ်မြောက်ရေးစံသတ်မှတ်ချက်များနှင့်နှိုင်းယှဉ်ပါက တစ်ဦးကျဝင်ငွေသတ်မှတ်ချက်ပြည့်မီရန် လက်တစ်ကမ်းသာ လိုအပ်ပါတော့ကြောင်း နိုဝင်ဘာ ၂၀ ရက်နေ့ကပြုလုပ်သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြောကြားခဲ့ပေသည်။

လက်ရှိတွင် နိုင်ငံတကာအညွှန်းကိန်းများအရ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းတွင် ဝင်နေပေသေးသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ယနေ့ကာလ၌နိုင်ငံတော်က ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍပေါင်းစုံမှ ထိရောက်စွာအကောင်အထည်ဖော်နိုင်မှုများကြောင့် ဒုတိယသမ္မတ ပြောကြားသကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

မကြာမီကာလတွင် တစ်ဦးကျဝင်ငွေနှုန်း တိုးတက်မြင့်မားလာပြီး သတ်မှတ်ချက်ပြည့်မီရေး မျှော်မှန်းထားသည်။ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများပါဝင်သည့် လူသားအရင်းအနှီးအညွှန်းကိန်းများတွင် သတ်မှတ်ချက်များ ကျော်လွန်နေသော်လည်း တိုးတက်မှုကို ဆက်လက်ထိန်းနေရသည်။ စီးပွားရေးထိခိုက်လွယ်မှု အညွှန်းကိန်းသတ်မှတ်ချက် ပြည့်မီရန်မှာမူ လိုအပ်ချက်များရှိနေဆဲဟု ဆိုရမည်ဖြစ်သည်။

ထုတ်လုပ်မှုအလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်သူများ တိုက်ရိုက်ခံစားရရှိနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးမြှင့်တင်မှု၊ လူမှုဘဝဖွံ့ဖြိုးမှုတို့အတွက် ထိရောက်စွာဆောင်ရွက်နေသည်။ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်အရ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု နည်းလမ်းဖြင့် ချဉ်းကပ်အကောင်အထည်ဖော်မှုများကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါအညွှန်းကိန်းသတ်မှတ်ချက်များ ပြည့်မီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရေး သုံးနှစ်တစ်ကြိမ် သုံးသပ်အစည်းအဝေး ၂၀၁၅ တွင် အသင့်အနေအထားရောက်ရှိစေရေးအတွက် တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ၊ လူသားအရင်းအနှီး ညွှန်းကိန်းဆိုင်ရာဆပ်ကော်မတီ၊ စီးပွားရေးထိခိုက်လွယ်မှုဆိုင်ရာ ဆပ်ကော်မတီနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးကော်မတီဟူ၍ ဆပ်ကော်မတီ လေးခုဖွဲ့စည်းကာ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအကူအညီရရှိရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ လွတ်မြောက်ပြီး အခက်အခဲမရှိရပ်တည်နိုင်ရေးနှင့် ညင်သာစွာကူးပြောင်းနိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးသည် အရေးကြီးသည့် ကဏ္ဍဖြစ်သည်။

ထို့အပြင် လူသားအရင်းအနှီး အညွှန်းကိန်းများတွက်ချက်ကောက်ခံရေး၊ အာဟာရချို့တဲ့မှု၊ အသက်ငါးနှစ်အောက်ကလေးသေဆုံးမှု၊ အလယ်တန်းနှင့်အထက်တန်းပညာအဆင့်အောင်မြင်မှုနှင့် စာတတ်မြောက်မှုစံနှုန်းများ နှစ်စဉ်တိုးတက်အကောင်အထည်ဖော်ရေးတို့အတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရမည်ဟူသော ရည်မှန်းချက်ဖြင့် မျက်ခြည်မပြတ်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

# ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အောက်ဘက် ၁၂ မိုင်ခန့်အကွာ၌ တည်ဆောက်မည့် ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း တမံနိမ့်စနစ်သုံး (Law Head Power Plant) (၆၆)မဂ္ဂါဝပ်အား (JV/B.O.T) စနစ်ဖြင့် ဆောင်ရွက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် ဩစတြီးယားသမ္မတနိုင်ငံ ANDRITZ Hydro GmbH တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဩစတြီးယားသမ္မတနိုင်ငံ ANDRITZ Hyodro GmbH မှ Chairman Mr.Wolfgang Semper နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုအတွင်းပြည့်မီစွာ ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး၌ အရင်းအမြစ်အမျိုးမျိုးကို အသုံးပြုသည့် လျှပ်စစ်စီမံကိန်းများကို ရေတို၊ ရေရှည် မဟာဗျူဟာနည်းလမ်းများ ချမှတ်ပြီး အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍစဉ်ဆက်မပြတ်တိုးတက်စေရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည့် နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ (MoU)ကို မိမိတို့ဝန်ကြီးဌာနနှင့်ဩစတြီးယားသမ္မတနိုင်ငံပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာနတို့ ၂၀၁၄ ခုနှစ် မေလ ၇ ရက်တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ယင်းရေအားလျှပ်စစ်စီမံကိန်းကို ဩစတြီးယားသမ္မတနိုင်ငံ ANDRITZ Hydro GmbH မှ အကောင်အထည်ဖော်နိုင်ရန် နည်းပညာလမ်းညွှန်မှုကော်မတီ အစည်းအဝေးများကျင်းပခဲ့ပြီး စီမံကိန်းအကောင်အထည်ဖော်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စီမံကိန်းဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများကို လေးစားလိုက်နာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် အကူအညီများပံ့ပိုးပေးရေး၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အကျိုးသက်ရောက်မှုအပေါ် အလေးထားရေး၊ ထိခိုက်မှုအနည်းဆုံး ဖြစ်အောင်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေကို တိကျစွာလိုက်နာရေး စသည်များကိုလည်း ကြိုတင်တွက်ချက်လေ့လာထားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ၁၉၀၀ မဂ္ဂါဝပ်ကျော် အသုံးပြုခဲ့သော်လည်း ယနေ့တွင် ၂၂၆၀ မဂ္ဂါဝပ်ထိ တိုးတက်သုံးစွဲနေသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ တိုးတက်သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ပြည်သူများ လျှပ်စစ်သုံးစွဲနိုင်မှုမှာ ၃၆ ရာခိုင်နှုန်းရှိပြီး ကျန်လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် လျှပ်စစ်သုံးစွဲနိုင်မှု မရှိသေးပါကြောင်း၊ ယခုအခါ ကချင်ပြည်နယ်သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ ယခင် လျှပ်စစ်ဓာတ်အား မရရှိခဲ့သော ချင်းပြည်နယ်တွင် ယခု လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အလားတူ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း မကြာမီ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားများ ပေးနိုင်တော့မှာ ဖြစ်ကြောင်း၊ ANDRITZ Hydro အနေဖြင့် နိုင်ငံတကာမှာ နာမည်ကောင်းရရှိထားသော ကုမ္ပဏီဖြစ်သဖြင့် စီမံကိန်း အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ယခု စီမံကိန်းသည် ဥရောပနိုင်ငံများနှင့် ပထမဆုံးအကြိမ်ဆောင်ရွက်သည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဩစတြီးယားသမ္မတနိုင်ငံ ANDRITZ Hydro GmbH မှ Chairman Mr.Wolfgang Semper က မိမိတို့အနေဖြင့် Hydropower တွင် အတွေ့အကြုံများစွာရှိပါကြောင်း၊ ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် စီမံကိန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်နှင့် ဩစတြီးယားသမ္မတနိုင်ငံ ANDRTZ Hydro GmbH မှ Chairman Mr. Wolfgang Semper တို့က နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၇၀၀၀ | - | ၆၅၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၆၅၀၀ | - | ၆၅၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၀၅. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၉. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၆၉၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၉. ၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၇၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၀. ၉၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၇၅၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၇. ၂၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၉၉. ၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း




Since 1986
KMD Education Services
ICT နည်းပညာရပ်များကို အခြေခံမှစ၍
နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာ/ဘွဲ့သင်တန်းများအထိ
တက်ရောက်လိုပါက KMD နှင့်ဆက်သွယ်ပါ။
(ပန်းဆိုးတန်း) ဖုန်း - ၃၈၁၀၃၅၊ ၃၈၁၁၂၉
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆၊ ၅၀၂၂၃၃
(လှည်းတန်းလမ်း) ဖုန်း - ၂၂၀၅၅၅၊ ၂၃၀၃၀၈၁
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈၊ ၃၈၄၆၄၁
(တာမွေ-၁/၂) ဖုန်း - ၅၄၁၃၂၈/၅၄၆၆၀၀
(လှည်းတန်း-၁/၂) ဖုန်း - ၅၂၄၄၀၀/၅၀၂၂၁၁
(ကမ္ဘာအေး) ဖုန်း - ၆၆၀၈၈၇
ISO | GIC | NCC education | University of Greenwich | SQA | LCCI | City & Guilds
Microsoft Official Learning Partner
တန်းခွဲသစ်များ စုံစမ်းအပ်နှံနိုင်ပါသည်။
အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊
လူမှုရေး အသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

## ပြည်တွင်းရေးရာ

# ရေအားလျှပ်စစ်ထုတ်ယူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြီးယားနိုင်ငံ ANDRITZ HYDRO ၏ဥက္ကဋ္ဌ မစ္စတာ ဝုဖ်ဂန်စမ်ပါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြီးယားနိုင်ငံ ANDRITZ HYDRO ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ အန်နိုဒရိဖီနစ်လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံစဉ် ရေအားလျှပ်စစ်ထုတ်ယူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လူမှုရေးလုပ်ငန်းများ ပြည့်စုံစွာဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှု လုပ်ငန်းများ ဆောင်ရွက်ရေး၊ ခေတ်မီနည်းပညာများ၊ စက်ပစ္စည်းကိရိယာများဖြင့် ရေရှည်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေး တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**





● **နိုင်ငံတကာအားကစားမှ**

ထည့်သွင်းလေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း။

သို့မှသာ နောင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံတကာအသင်းများနှင့်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိသင်ကြားလေ့ကျင့်ပေးနေသည့် အားကစားနည်း ၁၀ မျိုးအပြင် နိုင်ငံတကာအားကစားနည်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ယခုအချိန်မှစတင်ပြီး စနစ်တကျစီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံအတွင်းရှိ ဆေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ထမင်းစားဆောင်နှင့်ကျွေးမွေးမှု၊ ဘောလုံးအားကစားနည်းလေ့ကျင့်သင်ကြားပေးနေမှု၊ ဘော်လီဘောအားကစားနည်းလေ့ကျင့်သင်ကြားပေးနေမှု၊ အမျိုးသား အမျိုးသမီးအိပ်ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ စာသင်ဆောင်နှင့် အတန်းပညာသင်ကြားပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)တို့ကို ဖွင့်လှစ်ပြီးနောက် စတုတ္ထမြောက်အဖြစ် ဖွင့်လှစ်နိုင်သော အားကစားနှင့် ကာယပညာသိပ္ပံဖြစ်သည်။ ရန်ကုန်နှင့် မန္တလေးတို့သည် (က) အဆင့်ရှိပြီး မော်လမြိုင်နှင့်တောင်ကြီးတို့သည် (ခ)အဆင့်ရှိကြောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ရွေးချယ်ထားသည့် လူငယ်အမျိုးသား ၇၅ ဦး၊ လူငယ်အမျိုးသမီး ၇၅ ဦးစုစုပေါင်း သင်တန်းသားဦးရေ ၁၅၀ ရှိပြီး လက်ရှိအခြေအနေတွင် အားကစားနည်း ၁၀ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(တောင်ကြီး) စီမံကိန်းသို့ ရောက်ရှိရာ ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က ဆေးတက္ကသိုလ် သုံးထပ်ပင်မဆောင်၊ သုံးထပ်သင်ကြားရေးဆောင်၊ လူ ၂၅၀ ဆံ့စာသင်ဆောင်၊ ဝန်ထမ်းအိမ်ရာများနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ သင်တန်းသားလက်ခံမည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နောက်နောင်ဆောက်လုပ်သွားမည့် အဆောက်အအုံများကို ယခုထက်ပိုမြင့်သည့် အထပ်မြင့်အဖြစ် ဆောက်လုပ်ရန်လိုအပ်ပါကြောင်း၊ အဆောက်အအုံအရည်အသွေးပြည့်မီရေးအတွက် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက်လည်း အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များအနက် တောင်ကြီးဆေးတက္ကသိုလ်သည် ငါးခုမြောက်အဖြစ် ဖွင့်လှစ်မည့် တက္ကသိုလ်ဖြစ်၍ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် အရည်အသွေးပြည့်မီသော ဆရာဝန်များ မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံတကာရှိ ဆေးတက္ကသိုလ်များနှင့် ချိတ်ဆက်ဆက်သွယ်ယှဉ်ပြိုင်နိုင်ရန်အတွက် ခေတ်မီသင်ကြားရေးဖြစ်သည့် အဝေးရောက်စနစ်နှင့် လိုအပ်သောအထောက်အကူပြုပစ္စည်းများ ယခင်ကထက် ပိုမိုပြည့်စုံကောင်းမွန်အောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဆေးတက္ကသိုလ်(တောင်ကြီး) တည်ဆောက်ရေးမှတ်တမ်းဓာတ်ပုံများနှင့် ပင်မဆောင်၊ သင်ကြားရေးဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

## ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် "METALEX 2014 Show" သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေ ဦးဆောင်သောအဖွဲ့ဝင် ၁၀ ဦးသည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **(စွမ်းဆောင်ရှင်အသင်း)**



# ကမ္ဘာ့ငွေကြေးထောက်ပံ့ပေးမှု ရက်ရောဆုံးနိုင်ငံများအဖြစ် မြန်မာနှင့် အမေရိကန်တို့ သတ်မှတ်ခြင်းခံရ

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

၂၀၁၄ ခုနှစ် ကမ္ဘာ့ပေးကမ်းရက်ရောခြင်းဆိုင်ရာ ညွှန်းကိန်းအရ အမေရိကန်နှင့် မြန်မာနိုင်ငံတို့အား ငွေအင်အား၊ လူအင်အားပေးကမ်းထောက်ပံ့မှုတွင် ရက်ရောမှုရှိခြင်းတို့ကြောင့် ကမ္ဘာ့ပေးကမ်းရက်ရောမှု အများဆုံးနိုင်ငံများအဖြစ် အမေရိကန်အခြေစိုက် အလှူဒါနဆိုင်ရာ ထောက်ပံ့ပေးရေးဖောင်ဒေးရှင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရက်ရောဆုံးထိပ်တန်းနိုင်ငံ ၂၀ တွင် ကမ္ဘာ့စီးပွားရေးအတောင့်တင်းဆုံးဖြစ်သည့် ဂျီ ၂၀အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံသာပါဝင်ကြောင်း ယင်းဖောင်ဒေးရှင်းက ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ အဆိုပါ အစီရင်ခံစာကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၅ နိုင်ငံမှ စုဆောင်းထားသော ‘ဂူးအပ်’ အချက်အလက်ပေါ် အခြေခံထားသည်။ ယင်းအချက်အလက်များကို စုဆောင်းရာတွင် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများမှ အဖွဲ့အစည်းများအား ၎င်းတို့၏ ပါဝင်ကူညီမှုများနှင့်ပတ်သတ်ပြီး မေးမြန်းခဲ့မှုများပြုလုပ်ပြီး စာရင်းပြုစုခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၃ခုနှစ်မှ စပြီး ငွေအင်အား၊ လူအင်အားပေးကမ်းထောက်ပံ့မှုတွင် ခြောက်ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဖွံ့ဖြိုးဆဲနှင့် ဝင်ငွေနိမ့်ပါးသော နိုင်ငံများဖြစ်ကြသည့် မလေးရှား၊ သီရိလင်္ကာ၊ ထရီနီဒက်နှင့် တိုဘာဂိုကျွန်းတို့သည် ငွေအင်အား၊ လူအင်အားပေးကမ်းထောက်ပံ့ပေးမှုတွင် ရက်ရောဆုံးနိုင်ငံများစာရင်းထဲတွင် ပါဝင်ကြကြောင်း သိရသည်။ **အေးအောင်နိုင်အိုင်။**






# အစ္စလာမ္မစ် စစ်သွေးကြွများအား ချေမှုန်းရန် အီဂျစ်အစိုးရအရှိန်မြှင့်

**ကိုင်ရို နိုဝင်ဘာ ၂၁**

အီဂျစ်အစိုးရက အစ္စလာမ္မစ် စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် အရှိန်မြှင့်လိုက်ပြီဖြစ်သည့် အတွက် ဆိုင်းနိုင်းကျွန်းမြောက်ပိုင်းရှိ နယ်စပ်ဒေသကျောင်းများအား အကန့်အသတ်မရှိ ပိတ်လိုက်ပြီဖြစ်သည်။

အစိုးရစစ်တပ်သည် ဘာသာရေး အစွန်းရောက်များအား လေကြောင်း စစ်ဆင်ရေးများ ဆင်နွဲနေစဉ်တွင် ဒေသအတွင်းရှိ ကလေးငယ်များ၏ ပညာရေးအခြေအနေအတွက် စိုးရိမ်နိုင်ဖွယ်ရှိကြောင်း ဒေသခံပြည်သူများကပြောသည်။ ဘာသာရေးအစွန်းရောက်များက စစ်သားများ၊ ရဲတပ်ဖွဲ့များကို အဓိကပစ်မှတ်ထားကာ လိုက်လံချေမှုန်းနေပြီး ယခင်စစ်သားဟောင်းများအား ခေါင်းဖြတ်သတ်ခြင်းများ ပြုလုပ်နေပြီဖြစ်သည်။

‘ကျွန်တော်တို့တွေ အသက်ဘေးနဲ့နေ့စဉ်ရင်ဆိုင်နေရတယ်။ တစ်ခါတစ်ရံဆို အစိုးရစစ်တပ်နဲ့ လက်နက်ကိုင်အဖွဲ့ရဲ့ ပစ်ခတ်မှုကြောင့် ကျွန်တော်တို့ဆီကို ကျည်ဆံတွေလွဲပြီး ရောက်ရှိလာတယ်’ဟု ရှရစ်ဇူဝစ်မြို့နေ ကျောင်းဆရာတစ်ဦးဖြစ်သူ မိုဟာမက်က ဆိုသည်။

စစ်တပ်က အစ္စလာမ္မစ်သမ္မတအား လွှန်ခဲ့သောနှစ်ရာသီက ရာထူးမှ ထုတ်ပယ်ခဲ့သည့်အတွက် အစ္စရေးနှင့် ဂါဇာအပါအဝင် စူးအက်တူးမြောင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဆိုင်းနိုင်းကျွန်းဆွယ်တွင် တနေ့တခြား အကြမ်းဖက်မှုများ တိုးပွားနေသည်။ ယင်းအကြမ်းဖက်မှုများကြောင့် လုံခြုံရေးအဖွဲ့ဝင် ၃၃ ဦးထက်မနည်းသေဆုံးခဲ့ရသည်။

အောက်တိုဘာ၂၄ ရက်မှစတင်ခဲ့သော အကြမ်းဖက်မှုများကြောင့် အီဂျစ်အစိုးရသည် ဆိုင်းနိုင်းကျွန်းနယ်မြေတွင် အရေးပေါ်အခြေအနေ ကြေညာထားပြီး ဒေသခံမိသားစုများကိုလည်း ရွှေ့ပြောင်းခိုင်းထားပြီးဖြစ်ကြောင်း သိရသည်။

**ရိုက်တာ။**

■

# ဓားစာခံများအရေး အမေရိကန်မူဝါဒ ပြန်လည်သုံးသပ်ရန် အိုဘားမား တိုက်တွန်း

**နယူးယောက် နိုဝင်ဘာ ၂၁**

ပြည်ပနိုင်ငံများရှိ အမေရိကန်နိုင်ငံသား ဓားစာခံများအရေးနှင့် ပတ်သက်၍ အစိုးရ၏မူဝါဒကို ပြန်လည်သုံးသပ်ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တိုက်တွန်းလိုက်ကြောင်း အိမ်ဖြူတော်က နိုဝင်ဘာ ၁၇ ရက်တွင် အတည်ပြုထုတ်ပြန်ကြေညာသည်။

အမျိုးသား လုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ အလစ်တာ ဘက်စ်ကီက အမေရိကန်နိုင်ငံသားများအား ပြည်ပနိုင်ငံများရှိ အကြမ်းဖက်အဖွဲ့အစည်းများက ဓားစာခံအဖြစ် ဖမ်းဆီးမှုများ မြင့်တက်လာခြင်းနှင့် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ဓားစာခံအရေးကိစ္စများအပေါ် ပြန်လည်သုံးသပ်ရန်နှင့်တုံ့ပြန်ရန် ပြီးခဲ့သည့် နွေရာသီတစ်လျှောက်လုံး သူတောင်းဆိုခဲ့သည်ဟု ပြောကြားသည်။

ယင်းကဲ့သို့ ပြန်လည်သုံးသပ်ရာတွင် ကာလရှည်ကျင့်သုံးခဲ့သော ဓားစာခံများအရေးနှင့် ပတ်သက်ပြီး အကြမ်းဖက် အဖွဲ့အစည်းများကို ငွေပေး၍ ပြန်ရွေးရိုးထုံးစံမရှိခဲ့သည့် မူဝါဒကိုပြန်လည်သုံးသပ်မည်မဟုတ်ကြောင်း၊ သို့သော် အဖွဲ့အစည်းအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်သွားမည် ဖြစ်ကြောင်းနှင့် ယင်းပြဿနာမှာ သိသာထင်ရှားလာပြီး သမ္မတက အလေးအနက်ထားလာသည့် ပြဿနာဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးမှူး ဂျော့စ်အားနက်စ်က ပြောကြားသည်။

အမေရိကန်ထောက်ပံ့ကူညီရေးလုပ်သားနှင့် ကွန်မန်ဒိုစစ်သားဟောင်း ပီတာကာဆင်းဂ်ျကို ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့က ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း အိမ်ဖြူတော်က အတည်ပြု ထုတ်ပြန်ကြေညာပြီး နောက်တစ်ရက်အကြာတွင် ဓားစာခံအရေးပြန်လည်သုံးသပ်ရန် Daily Beast ဝက်ဘ်ဆိုဒ်က ပထမဆုံး ရေးသားဖော်ပြခဲ့သည်။ အိုင်အက်စ်အဖွဲ့က ကာဆင်းဂ်ျကိုခေါင်းဖြတ်သတ်ခဲ့သည့် ဗီဒီယိုဖိုင်ကို နိုဝင်ဘာ ၁၆ ရက်အစောပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာများပေါ်သို့ တင်ပြခဲ့သည်။ ကာဆင်းဂ်ျသည် ဩဂုတ်လကတည်းက အိုင်အက်စ်အဖွဲ့များ၏ ခေါင်းဖြတ်အသတ်ခံရသည့် တတိယမြောက် အမေရိကန်နိုင်ငံသား ဖြစ်သည်။ အိုင်အက်စ်အဖွဲ့သည် အသက် (၂၆) နှစ်ရှိ အမေရိကန်နိုင်ငံသူ ထောက်ပံ့ကူညီရေးလုပ်သား တစ်ဦးကိုလည်း ထိန်းသိမ်းထားပြီး အဆိုပါအမျိုးသမီးမှာ မည်သူမည်ဝါဖြစ်ကြောင်း အမေရိကန်အရာရှိများ ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ **ရိုက်တာ။**






# ပီလီ၏သားကို မူးယစ်ဆေးဝါးမှောင်ခိုကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**ရီယိုဒီဂျနေရို နိုဝင်ဘာ ၂၂**

ကမ္ဘာကျော် ဘောလုံးသမား ပီလီ၏သားကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးမှောင်ခိုကူးသူများနှင့် ဆက်သွယ်မှုရှိသည်ဟုစွပ်စွဲချက်ဖြင့် ဖမ်းဆီးထောင်ချခဲ့သည်ဟု သတင်းမီဒီယာများတွင် ဖော်ပြသည်။

အက်ဒင်ဟိုခိုလ်ဘီကို မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းဖြင့် ရရှိခဲ့သော ငွေမည်းများကို ငွေဖြူဖြစ်အောင်လုပ်ခဲ့သည့်အတွက် ဇူလိုင်လတွင် ထောင်ဒဏ် ၃၃ နှစ် ချမှတ်ခဲ့သည်ဟုသိရသည်။

အသက်(၄၄)နှစ်အရွယ် အက်ဒင်ဟိုသည် ၎င်း၏ ရှေ့နေများက အယူခံလွှာတင်ပြပြီးသည့်နောက် ရက်သတ္တပတ်အကြာတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

ဆန်တိုမြို့အနီး ပရိုင်ရာဂရန်ဒီရှိ ရဲစခန်းတစ်ခုသို့ ဝတ္တရားအရ အင်္ဂါနေ့တွင် အက်ဒင်ဟို သတင်းပေးပို့စဉ် ၎င်းအားဖမ်းဆီးခဲ့သည်ဟု Globesporte သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အက်ဒင်ဟိုအား ချွင်းချက်ဖြင့် လွတ်မြောက်ခွင့်ပေးပြီးသည့်နောက် ပြန်လည်ထိန်းသိမ်းခဲ့ရသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အက်ဒင်ဟိုသည် မူးယစ်ဆေးဝါးများ မှောင်ခိုကူးသည်ဟူသော စွပ်စွဲချက်များကို ငြင်းဆိုခဲ့သော်လည်း မူးယစ်ဆေးဝါးသုံးစွဲခဲ့သည်ဟု ဝန်ခံပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံအတွက် ကမ္ဘာ့ဖလားသုံးကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည့် ပီလီသည် အကောင်းဆုံးဘောလုံးသမားတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ အက်ဒင်ဟိုသည် ၁၉၉၀ ပြည့်နှစ်အလွန်က ဆန်တိုအတွက် ဂိုးဖမ်းသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့သည်။ **ဆင်ဟွာ။**

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။**(ယာပုံ)**

ယနေ့အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သော မြန်မာ-ရုရှား စစ်ဘက်ထောက်လှမ်းရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို**လက်မှတ်ရေးထိုးရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့သည်။

**ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်**က ဗဟိုချုပ်ကိုင်မှုလျှော့ချပေးခြင်းဖြင့် တိုင်းရင်းသားများ တောင်းဆိုလျက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ဒေသန္တရအစိုးရများ၏ လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာကြမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုပုံသဏ္ဌာန် ပိုမိုဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ ဒေသအလိုက်ဝန်ကြီးချုပ်များကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်ခွင့် ရရှိရန်လိုပါကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ခြင်းဖြင့် ဖက်ဒရယ်နှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။



**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်**က ကမ္ဘာတွင် အယူဝါဒ၊ သဘောတရား၊ မူဝါဒများသည် အမြဲပင်ပြောင်းလဲလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်နိုင်ရေးကို အဖြစ်သင့်ဆုံး၊ အဖြစ်နိုင်ဆုံးပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ မူလအတိုင်းထားရှိခြင်း၊ အခြေအနေ အချိန်အခါအရ စဉ်းစားဆောင်ရွက်ခြင်းများ ပြုလုပ်သွားမှသာ Win Win Situation ရရှိနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်**က အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကျွမ်းကျင်ပညာရှင်များက အချိန်ကြာမြင့်စွာရေးဆွဲခဲ့သော်လည်း ယနေ့နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် လူမှုရေးအခင်းအကျင်းများနှင့် လုံးဝကွာခြားမှုရှိနေပြီဖြစ်၍ ဒီမိုကရေစီမကျသော ပုဒ်မမှန်သမျှကို ပြင်ဆင်ရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ပြင်ဆင်ခြင်းမပြုနိုင်ပါက အခြားနိုင်ငံများ၏ တိုးတက်မှုကို မမီနိုင်ဘဲ အောက်ဆုံးအဆင့်တွင် ရှိနေမြဲ၊ တည်နေမြဲဖြစ်နေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေသည် အုပ်ချုပ်ခံနိုင်ငံသားများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံသူကြား ချုပ်ဆိုထားသည့် နိုင်ငံရေးပဋိညာဉ် ဖြစ်ပါကြောင်း၊ ပြည်သူ့အကျိုးအတွက် ပြဋ္ဌာန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားနှင့်ညီညွတ်ရန် အထူးအရေးကြီးပါကြောင်း၊ ယနေ့ အပြောင်းအလဲသည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုသာမက အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးကိုပါ ဆောင်ရွက်ကြရမည့် အကြောင်းခြင်းရာများဖြစ်ပြီး လူမျိုးစုလက်နက်ကိုင်အင်အားစုများနှင့် ဆက်စပ်သူများပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲရေး သဘောတူညီချက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**




## ဆရာဝန်မရှိသော ဝေးလံဒေသမြို့နယ်များသို့ တပ်မတော်အရာရှိ ဆရာဝန်များအား အလှည့်ကျစနစ်ဖြင့် သွားရောက်တာဝန်ထမ်းဆောင်စေသည့် အစီအစဉ်ဆောင်ရွက်ရန် နည်းလမ်းတစ်ခုအဖြစ် စဉ်းစားသုံးသပ်သည့်အဆင့်သာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားထုတ်ပြန်ချက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့ထုတ် 7 Day Daily သတင်းစာတွင် **"တပ်မတော် ဆရာဝန်များ အရပ်ဘက်သို့ ပို့ရောက်လာတော့မည်"** ဟူသော ခေါင်းစဉ်ဖြင့် တပ်မတော်တွင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်နေသော ဆေးပညာမဟာဘွဲ့တက်ခွင့်မရသည့် ဆရာဝန်များအား အရပ်ဘက်သို့ ပြောင်းပေးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးကဏ္ဍ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအမျိုးအစားအလိုက် လိုအပ်မည့်ကျန်းမာရေးလူ့စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ခြင်းနှင့် မွေးထုတ်ထားသည့် စွမ်းအားစုများကို နိုင်ငံ့အကျိုးပြုဝန်ထမ်းများအဖြစ် ခန့်ထားတာဝန်ပေးအပ်နိုင်ရေးတို့ကို ဟန်ချက်ညီ စီမံဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြှင့်တင်ရာတွင် ကျန်းမာရေးနှင့်နီးနွယ်ဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်း ဝေးလံသောဒေသ မြို့နယ် ၁၁၀ မြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်လုံလောက်စွာ ခန့်အပ်ပေးနိုင်မှုမရှိခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ပါကလည်း ဆရာဝန်များအနေဖြင့် သွားရောက်တာဝန်ထမ်းဆောင်လိုခြင်းမရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဝေးလံသောဒေသမြို့နယ်များတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောဆရာဝန်အရေအတွက်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် လျှောက်လွှာများ တိုက်ရိုက်ခေါ်ယူခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အကယ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် လိုအပ်သည့် အရေအတွက်မရပါက အဆိုပါအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဆရာဝန်များမရှိသော မြို့နယ်များသို့ တပ်မတော်အရာရှိဆရာဝန်များအား အလှည့်ကျစနစ်ဖြင့် သွားရောက်တာဝန်ထမ်းဆောင်စေသည့် အစီအစဉ်ဆောင်ရွက်ရန် နည်းလမ်းတစ်ခုအဖြစ် စဉ်းစားသုံးသပ်သည့်အဆင့်သာ ရှိနေသေးပါသည်။ ထို့အပြင် ရေရှည်စီမံချက်အနေဖြင့် ဝေးလံဒေသရှိ တိုင်းရင်းသားများထဲမှ ၁၀ တန်းအောင်မြင်သူများကိုလည်း ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ ထောက်ခံမှု၊ ကိုယ်တိုင်ဆန္ဒပြုမှုများအပေါ် မူတည်၍ တက်ရောက် သင်ကြားခွင့်ပေးလျက်ရှိပါသည်။

ထို့ကြောင့် 7 Day Daily သတင်းစာတွင် ဖော်ပြသကဲ့သို့ တပ်မတော်အရာရှိ ဆရာဝန်များအား အရပ်ဘက်သို့ ပြောင်းရွှေ့ခန့်ထား၍ တာဝန်ထမ်းဆောင်စေရန် ဆုံးဖြတ်ထားခြင်းမရှိသေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**(ကျန်းမာရေးဝန်ကြီးဌာန)**

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

RUBY ကားစီးလုံးငှားသည် 519100 09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

NATURAL BREEZE Travels & Tours
ဝန်တောက် - ပတ္တရား - အယုဒ္ဒယ (၅ည ၆ရက်) Dec 28
စင်္ကာပူ - မလေးရှား (၅ည ၈ရက်) Dec 25
ကွမ်ကျိုး - ရှန်းကျန့် - (၅ည ၈ရက်) Dec 28
ဟောင်ကောင် - မကာအို
ချင်းမိုင်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘာလီ၊ ဖူးခက်၊ မော်လ်ဒိုက်၊ Star Cruise၊ ကိုရီးယား၊ ဂျပန်၊ ဒူဘိုင်း ခရီးစဉ်များအား အထူးစီစဉ်ပေးလျက်ရှိပါသည်။
အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441, 09 732 11442, 09 732 11077

သည်းထိတ်ရင်ဖို သရဲဝိညာဉ် ဇာတ်ကားကြီး Junction Cineplex တွင် 21.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ






| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Left Behind (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Maw Tin ( Ph - 01 225 244 ) | | |
| Left Behind | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| သက်တံသစ် | Mon to Thu | 11AM , 2 : 00 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1:30 PM, 4 : 30 PM , 7: 30 PM |

# စာဆိုတော်နေ့

ရွှေဘိုသီရိမာလာ

နတ်တော်လသည်ကား ဆောင်းဟေမာန်၏ နိမိတ်ပုံဖြစ်သည့် ငွေနှင်းမှုန်မှုန်ကို စတင်တွေ့ရပေပြီ။ ငွေနှင်းမှုန်မှုန်တို့ကြောင့် ရှုလေတိုင်း ရှေ့တစ်ခွင်တွင် ဝေမှိုင်းမှိုင်းပြာဝေတော့သည်။ နတ်တော်လသည် သဇင်ပန်းပွင့်လေရာ ဆောင်းဦးနှင့်သဇင် ခွဲခြားမရနိုင်ပါချေ။ နတ်တော်လသည် ၁၂ လတွင် နဝမမြောက်လဖြစ်သည်။ ရာသီပန်းမှာ ဂမုန်းပန်း၊ သဇင်ပန်းများဖြစ်ပြီး ရာသီပွဲတော်မှာ မဟာပိန္နဲနတ်ပွဲတော်ဖြစ်သည်။ ထို့ကြောင့် နတ်တော်လဟူသည်မှာ နတ်မင်းများ သို့မဟုတ် နတ်တော်အား ပူဇော်ပသသောလဟူ၍ အဓိပ္ပာယ်ရလေသည်။ သို့သော်ငြားလည်း ကျွန်မတို့ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်သည်။ လွတ်လပ်ရေးမရမီက စာဆိုပညာရှင်များနှင့် သက်ဆိုင်သောနေ့တစ်နေ့ရှိသင့်ကြောင်း အကြံပြုခဲ့ကြ၏။ နတ်တော်လသည် ရှေးမြန်မာမင်းများလက်ထက်က စာဆိုတော်ကြီးများကို ဆုများချီးမြှင့်သောလ ဖြစ်ပါသည်။ ထို့ကြောင့် နတ်တော်လ၏ ပထမဆုံးနေ့ဖြစ်သော လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ သတ်မှတ်ရန် စာရေးဆရာကြီးများက တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြသောကြောင့် စာဆိုတော်နေ့ဟု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။ နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့ ကျင်းပရန် ၁၃၀၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ပညာ၊ ကျန်းမာ၊ စည်ပင်သာယာရေးဌာနဝန်ကြီး၏ အစည်းအဝေးခန်းတွင် ကျင်းပသည့် အစည်းအဝေးက ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

၎င်းဆုံးဖြတ်ချက်အရ ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ပထမဆုံးအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့ကြောင်း သိရသည်။ ထိုအချိန်အခါမှစ၍ စာဆိုတော်ပွဲကို နှစ်စဉ်မပျက် ကျင်းပခဲ့ကြပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာရေးဆရာများနှင့် သက်ဆိုင်သောနေ့ဟူ၍ မရှိပေ။ စာပေသည် လူသားအားလုံးအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။ အမှောင်ကိုခွင်း၍ အလင်းကိုဆောင်သည်။ အမှားကိုရှင်း၍ အမှန်ကိုလင်းစေသည်။ စာပေသည် တိုင်းပြည်၏ အင်အားကြီးတစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတော်တည်ဆောက်ရာတွင် အားတကာ့အားတွင် စာပေအား၊ ကလောင်အားသည် အထက်မြက်ဆုံး၊ အတောက်ပဆုံးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် မျိုးချစ်စိတ်ဖြင့် ကလောင်အင်အားသည် တစ်တပ်တစ်အားပါဝင်ခဲ့သည်။ရှေးပညာရှိများက "သူရဲကောင်းများ၏ သွေးတစ်စက်ထက် စာရေးဆရာများ၏ မင်တစ်စက်က ပိုအရာရောက်ပါသည်"ဟု ဆိုထားပြန်သည်။ ဆိုသောစကားအတိုင်း စာပေသည် အစွမ်းထက်လှပေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "စာပေမြင့်မှ လူမျိုးတင့်မည်" မျိုးဆက်သစ်လူငယ်များအတွက် ကိုယ်စားပြုသောစာပေများ ပိုမိုတိုးတက်ထွက်ပေါ်လာစေရန် လိုအပ်ပေသည်။ စာပေသည် အနုပညာအပေါင်းတို့ စုစည်းအက္ခရာတင်ရာလည်း ဖြစ်သည်။ ဥပမာ ယဉ်ကျေးမှုသမိုင်းကို ခြေခြေမြစ်မြစ် ဖန်တီးမှတ်သားရာဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနှင့်ပန်းချီ၊ပန်းပု အနုပညာဗိသုကာတို့ကို ပြန့်ပွားမှတ်တင်ရာဖြစ်သလို ရှေးရိုးရာဟူသည် ဘုံအဆင့်ဆင့်ပြာသာဒ် အဆောင်ဆောင်တို့နှင့် ရှေးဟောင်းစေတီပုထိုးတည်ဆောက်ပုံ ပုံသဏ္ဌာန်နှင့်တကွ ကနုတ်ပန်း၊ ချြူပန်းနွယ်များ၊ စုလစ်မွန်းချွန်များ၊ ပန်းဆယ်မျိုးစသည်များသည် ခေတ်အဆက်ဆက် စာပေဖြင့်သာ မှတ်တမ်းတင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးကတည်းက စာပေဆုများချီးမြှင့်ခဲ့သည်။ နှစ်စဉ် အမျိုးသားစာပေဆုပေးပွဲကျင်းပလာခဲ့ပေသည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့ကို အသက်(၈၀) အရွယ်စာရေးဆရာကြီးများကို ဂါရဝတရားရှေ့ထား၍ လှူဖွယ်ငွေပစ္စည်းများဖြင့် ကန်တော့ကြသည်။ စာပေကို ဝါသနာပါသော အလှူရှင်များကလည်း သဒ္ဓါတရားရက်ရောစွာဖြင့် လှူဒါန်းကြသည်။ ထိုနေ့ကို စာရေးဆရာတိုင်း ကြိုဆိုကြသည်။ ပျော်ရွှင်ကြသည်။ ဝမ်းသာကြသည်။ စာပေညီအစ်ကို၊ မောင်နှမများကို တွေ့ရသလို ဝမ်းသာလှိုက်လှဲနှုတ်ဆက်စကားပြောဆိုဆွေးနွေးကြသည်။ အမှန်စင်စစ်မြန်မာနိုင်ငံစာရေးဆရာနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများ တညီတညွတ်တည်း တက်ကြွစွာပါဝင်ရေး၊ ခေတ်မီတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ချိန်တွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပါဝင်လက်တွဲစည်းရုံးလှုံ့ဆော်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်ထွန်းကားပြန့်ပွားရေးကို လှုံ့ဆော်ရေးသား မြှင့်တင်ကြရန်နှင့် အမျိုးသားအမွေဖြစ်သော မြန်မာ့စာပေကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ကြရန် ကျွန်မတို့စာရေးဆရာများ၏ တာဝန်ဖြစ်ပေသည်။ မြန်မာနိုင်ငံ စာဆိုတော်နေ့သည်ကား ရှေးစာဆိုများ၏ဂုဏ်ကျေးဇူးကို အောက်မေ့တသခြင်း၊ စာပေဂုဏ်ကျေးဇူးကို သတိရခြင်း၊ စာရေးဆရာများက စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရည်မှန်းချက်များကို မြို့၊ရွာ၊ပြည်နယ်ဆင်း၍ ဟောပြောခြင်းနှင့်ယခုနှစ်ဆိုလျှင် အသက်(၈၀) ကျော် စာရေးဆရာကြီး ၁၈၀ ခန့်ကို ငွေသားများနှင့် အခြားဆေးဝါးလှူဖွယ်ဝတ္ထုများဖြင့် ကန်တော့နိုင်ခြင်းသည် မွန်မြတ်သော စာပေကြန်အင်လက္ခဏာနှင့် ပြည့်စုံလှပေသည်။

စာပေနှင့်စကားတို့သည် နိုင်ငံတစ်နိုင်ငံ၏အသက်ဝိညာဉ်ကို ပေ၊ ပုရပိုက်၊ ကျောက်စာတို့ကို ပုံနှိပ်၍ သမိုင်း၌ ကမ္ပည်းတင်ကျန်ရစ်စေသည်။ ယနေ့ခေတ်တွင် ထိုပေ၊ ပုရပိုက်၊ ကျောက်စာတို့ကို ပုံနှိပ်၍ဖြစ်စေ၊ ဖလင်ကော်ပြားတင်၍ဖြစ်စေ ခေတ်မီစွာသိမ်းဆည်းမှတ်တမ်းတင်ကြပေပြီ။ ကျွန်မတို့မြန်မာလူမျိုးများသည် ရှေးပဝေသဏီကတည်းက မြန်မာစာပေရှိသလို ကျော်ကြားသော စာဆိုတော်ကြီးများ ရှိခဲ့ဖူးသည်။ ရဟန်းပုဂ္ဂိုလ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များရှိခဲ့ဖူးသည်။ ရှေးစာဆိုအချို့ကိုတင်ပြရလျှင် တောင်တွင်းဆရာတော် ခင်ကြီးဖျော်၊ ဆရာတော်ဦးပုဒ်၊ စတုရင်္ဂဗလ အမတ်ကြီး၊ ကျည်းကန်ရှင်ကြီး၊ ပထမကျော်အောင်စံထားဆရာတော် ရှင်ဥက္ကံ့ သမာလာ၊ ကျီးသဲလေးထပ်ဆရာတော်၊ ကင်းဝန်မင်းကြီး၊ လေှသင်းအတွင်းဝန်ဦးချိမ့်၊ စိန္တကျော်သူဦးဩ၊ ပုဂံဝန်ထောက်ဦးတင်၊ လှိုင်ထိပ်ခေါင်တင်၊ ဒေါ်မြလေး၊ မယ်ခွေ၊ စာတော်ဖတ်ခင်သဲ၊ သီလရှင်မယ်ကင်း၊ လက်ဝဲသုန္ဒရ အမတ်ကြီး၊ ရမ္မဝတီမြို့ဝန်၊ ရွှေတောင်သာဂသူဘွဲ့ရ စာဆိုတော်ဦးနု စသည်အားဖြင့် ရှိခဲ့ဖူးသည်။ ဥပမာ-နှစ်ပေါင်းတစ်ထောင်ကျော်က ပုဂံပြည်တွင် အနန္တသူရိယအမတ်စာဆိုကြီးသည် သေရမည့်အချိန်တွင် စပ်ဆိုခဲ့ပုံမှာ လူအများအတွက် ဦးနှောက်ထဲ လင်းခနဲ မိုးကြိုးပစ်သလိုရောက်ရှိသွားပြီး နှလုံးသားအား တုန်ခါစွဲမက်စေသည်။

**"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊**
**သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။**
**ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းစံ၊ မတ်ပေါင်းရံလျက်၊**
**ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊**
**သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့်၊**
**ရေပွက်ပမာ၊ တသက်လျှာတည်း။"**ဟူသောကဗျာသည် နှစ်ပေါင်းတစ်ထောင်လောက်က ဆိုသော်လည်း လူတိုင်းအား ရိုက်ခတ်စွဲမက်စေသည်။ ကာရန်လှသည်။ သံစဉ်က ချိုမြပြီး အဓိပ္ပာယ်ရိုးစင်းသည်။ လူတိုင်းနားလည်သည်။ နှစ်ပေါင်းထောင်ကျော်က ကဗျာစကားကာရန်သည် ယနေ့ခေတ်ထိ နားလည်သည့်စကားများဖြင့်ရှိနေ၍ အံ့သြမိသည်။ ထို့ကြောင့်လည်း ဤကဗျာသည် သမိုင်းအဆက်ဆက် လူသားတွေရင်ထဲ လင်းဝင်းစွာသံဝေဂရ၍ မမေ့နိုင်အောင် နာမည်ကြီးနေပေသည်။

အနန္တသူရိယအမတ်ကြီး၏ကဗျာသည် ယနေ့ခေတ်ထိ နားရှင်းသော စကားလုံးများဖြင့် ဖွဲ့ဆိုထားသဖြင့် ရာဇဝင်တစ်လျှောက်လုံး ပြောင်းဆန်အောင် ထက်မြက်သဖြင့် သံဝေဂတရားရကြပေမည်။ လူတိုင်း၏နှလုံးသားတွင် စွဲကျန်ရစ်သည်။ ထိုကဗျာကိုဖတ်ပြီး ဘုရင်မင်းမြတ်က "လွတ်စေ"ဟူသော အမိန့်ချခဲ့သည်။ ထိုကဗျာသည် ရာဇဝတ်ဘေးမှလွတ်၍ အသက်ချမ်းသာရာရ၍ ရာဇဝတ်ဘေးမှလွတ်ခဲ့သည်။ သို့ပေမယ့် ရာဇဝတ်သားများက ကွပ်မျက်ပြီးသည်က တခြားပေ့လေ။

လက်ဝဲသုန္ဒရအမတ်ကြီးသည် "မဲဇာတောင်ခြေ"ရတုကြောင့် မဲဇာမြိုင်တောမှပြန်၍လာရကြောင်း သမိုင်းကဆိုပါသည်။ "တောင်ငွေ့ဝေဝေ-အထွေထွေနှင့် လေနှင့်ရောရော၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်းလို့" ဟူသောရတုသည် ဘုရင်ကကြိုက်နှစ်သက်၍ ရာဇဝတ်ဘေးမှလွတ်စေခဲ့ပေသည်။ ရတုဘုရင်နတ်သျှင်နောင်ကိုလည်း ကျွန်မတို့စာပေသမားများ တန်ဖိုးထားရပေမည်။ ပိတောက်ပန်းသည် နတ်သျှင်နောင်ကြောင့် ပို၍ဂုဏ်သတင်းတောက်ပြောင်ကြီးမားလာစေသည်။ ကျွန်မအကြိုက်ဆုံးကဗျာမှာ "တင့်လှပေဟန်၊ ဖက်ရန်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊ ပြာပြာလက်လက်၊ မွတ်မွတ်ညက်ညက်၊ ရွှန်းရွှန်းစက်မျှ ဝင်းလက်ရောင်ရွှေ"ဟူသော အပိုဒ်ကိုလည်းကောင်း၊ "ပြစ်မရိုင်းသည့် စံနှုန်းလှော်သစ်၊ ရွှေနှယ်နှစ်မျှ ပြစ်တင်မခက်၊ လဲ့လဲ့ညက်ကို"ဟူသောအပိုဒ်ကိုလည်းကောင်း ကြိုက်နှစ်သက်ပါသည်။

အင်းဝခေတ်စာဆိုရှင် 'ရှင်မဟာရဋ္ဌသာရ'က "မှတ်ဖွယ်ရာရာ ထိုထိုစာကို ရှာ၍မပြတ်အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာရှိသည်သာတည်း" စာပေစကားကို နေ့တိုင်းကြားသိနေရလျှင် ထူးခြားစွာ လိမ္မာယဉ်ကျေးလာနိုင်မည်ဟု ဆိုထားပေသည်။ ရှေးခေတ်စာဆိုများ၏ ကျေးဇူးကြောင့် မြန်မာစာပေသည် ပို၍တောက်ပကာ ကျော်ကြားလာသည်။ စာဆိုတော်ကြီးများကို ဂုဏ်ပြုသောအားဖြင့် ကျွန်မတို့မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်ခဲ့ကြသည်။

နတ်တော်လဟူသည် နတ်တော်လကို "နတ်တောင်၊ နတ္တစ်၊ နတ်တစ်" ဟူ၍ပုဂံခေတ်ကျောက်စာများ၌ အမျိုးမျိုးရေးထိုးရေးမှတ်ကြသည်ကိုတွေ့ရသည်။ လူများသည် ရှေးပဝေသဏီအခါကပင် နတ်များကို ဤနတ်တော်လ၌ ပူဇော်ပသလေ့ရှိကြသည်။ ယင်းကို အစွဲပြု၍ ထိုလကို နတ်တော်လဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ "နတ်တော်"တွင် နတ်မှာ "နာထ" ပုဒ်ပါဠိဘာသာမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ "ကိုးကွယ်ခြင်း"ဖြစ်သည်။ "တော်" မှာမူ အရှင်သခင် အကြီးအကဲမြင့်မြတ်သူဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အမြင့်အမြတ်သဘောပြဝေါဟာရများတွင် ပစ္စည်းတစ်ခုကို "တော်"ထည့်ပြီး ခေါ်ဝေါ်သော "လှေတော်"၊ "ဝေါတော်"၊ "နန်းတော်"၊ "အိမ်တော်" ဟူသည့် အသုံးများကဲ့သို့ နတ်ကိုလည်း နတ်တော်ဟုခေါ်သည်။

ထိုနတ်များအား ပသသောလကို နတ်တော်လဟု ခေါ်တွင်ခဲ့ကြသည်။ အချို့ပညာရှင်များကမူ မဟာဥပရာဇ်ချောင်းတွင်ပါဝင်သော "ဒွါဒသရဆယ့်နှစ်လဝယ်၊ ဒေဝနတ်များပျော်ပါးကဲဆ လွန်ရွှင်ပျ၍ နတ်လတွင်ရှင့်" ကိုထောက်၍ "နတ်ပျော်လ"ဟုခေါ်သည်။ နတ်ပျော်လမှာ "နတ်တော်"သို့ ရွေ့လျောပြောင်းလဲလာသည်ဟု ယူဆကြသည်။

ဆရာတော်ရှင်မဟာသီလဝံသက "ကာလရှည်လျား လူငနွားတို့ ကြီးမားယုတ်မာ နတ်မိစ္ဆာကို ဘိုးလားဘွားဘက် မြေသားဆက်၍ မပျက်ခုတိုင် နတ်ခရိုင်နှင့် ပန်းခိုင်ရွှေအိုး၊ ဆယ်စုံဖြိုး၍ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ အတီခေါင်းပေါင်း တင်အုပ်ဆောင်းနှင့် အပေါင်းစုဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍ ပုံနှဲခရာ၊ တီးမှုတ်ကာနှင့် . . ."စသည်ဖြင့် ရဲရဲဝံ့ဝံ့ စပ်ဆိုခဲ့သလို ရှင်မဟာရဋ္ဌသာရ ဆရာတော်ကလည်း "ထိုမှတစ်ပါး နတ်ဝင်များမူ၊ ထင်ရှားသသူသောဟူက အယူမလွှဲနတ်ဖြစ်မြဲဟု ဝမ်းထဲပြတ်ပြတ် မှတ်သိရကား၊ ဗုံးကရားနှင့် မှန်းထားမည်ရည်နတ်အိမ်တည်၍ အကြည်အညို၊ နတ်ကိုချည်းသာ လုံးပမ်းရှာသည်၏"စသည်ဖြင့် စပ်ဆိုခဲ့ပေသည်။ အချို့က နတ်တော်လကို "နတ်နိုးလ"ဟူ၍ တောင်တွင်းဦးကြော့က "မိဂသီစန္ဒာခပါလို့ ဟံသာစတာချိန်၊ ယန္တာဟဝဠာရှိန်ငယ်၊ ပြာမှိန်မှိန်ရစ်သန်း၊ နတ်နိုးလသင်း ချွေသည်သွင်းတဲ့ လေညှင်းလေကဖျန်း၊ တိုင်းကေတုမဟီသာဝယ်၊ ဝဇီရာကြင့်နှန်း၊ တညီလာရွှေနန်းမှာ၊ ဗွေမန်းကြော့ဥကင်၊ ဆက်ပဏ္ဏာချိန်မီလှတာမို့။ သိင်္ဂီဥမြသဇင်"စသည်ဖြင့် ရာသီဖွဲ့ကို စပ်ဆိုခဲ့ပေသည်။

တောင်ငူခေတ်စာဆိုတော် မင်းဇေယျရန္တမိတ်က "နတ်လသဘင်၊ ဖျင်လည်းရုံထပ်ဘွဲ့တပ်မည်ပေး၊ ဆုန်ရေးတိုက် ဖက်စွက်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်မည်ရှုနန်း" ရတုကိုစသည်ဖြင့် စုလတ်ရွှေစင်ချီရတုတွင် ရေးသီခဲ့ပေ၏။ ဆင်ဖမ်းပွဲနှင့် စပ်လျဉ်းသောအရေးအဖွဲ့ကို "ဝရသေတဂီရိ" ဆင်တော်မော်ကွန်းနှင့် "ရွှေစာတိုင်" ဆင်တော်မော်ကွန်းများတွင် အကျယ်တဝင့်တွေ့ရှိနိုင်ပေသည်။

စာဆိုတော်ဟူသည်ကို ပါဠိ၊ အဘိဓာန်ကျမ်းများ၌ "ထုထိပါဌက" ဟူ၍လည်းကောင်း၊ "ဝန္ဒိ"ဟူ၍လည်းကောင်း ပြဆိုပေသည်။ ချီးကျူးရွတ်ဆိုသူဟူသောအဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဘုန်းတော်ဘွဲ့များကို ချီးကျူးရွတ်ဆိုရသူအား စာဆိုတော်ဟု ခေါ်ခဲ့လေသည်။

ထိုစာဆိုတော်များ၏ စာပေကျေးဇူး၊ စာပေဂုဏ်ကို အထူးတလည် ချီးကျူးကော်ရော် ပူဇော်သောနေ့အဖြစ် စာဆိုတော်နေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်ပါသည်။

၎င်းအပြင် မြန်မာနိုင်ငံစာရေးဆရာအသင်းကို ၁၉၃၇ ခုနှစ်က ရန်ကုန်အရှေ့ပိုင်း မက်သဒစ်ကျောင်းသင်တန်းတစ်ခုထဲမှာ စတင်ဖွဲ့စည်းကြပြီး ဆရာဒီးဒုတ်ဦးဘချိုကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြသည်။ ဆရာဒဂုန်နတ်ရှင်၊ သူရိယဦးသိမ်းမောင်၊ မဟာဆွေ၊ သခင်ိ၊ သိပ္ပံကျော်ထင် စသော စာရေးဆရာများပါဝင်ပြီး ဆရာပေါင်းလေးဆယ်နီးပါးတက်ရောက်ကြသည်။ မြန်မာစာရေးဆရာ၊ သတင်းစာဆရာသည် နယ်ချဲ့ဆန့်ကျင်ရေးဝါဒ အရင်းခံလျက်ရှိခဲ့ပေသည်။ အမျိုးသားလွတ်မြောက်ရေးများတွင် ပါဝင်ပြီး ၎င်းတို့ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားလှသည်။ ဂျပန်ခေတ်တွင် စာရေးဆရာများ ဘာရေး၍ဘာလုပ်ရမှန်းမသိဖြစ်နေချိန်တွင် သူရိယဦးသိမ်းမောင်၊ ဇဝနဂျာနယ်ကျော် ဦးချစ်မောင်၊ မဟာဆွေ၊ သခင်ိ၊ လူထုဦးလှ၊ သုခ၊ ရွှေပိန်သောင်း စသည့်စာရေးဆရာများစုမိပြီး စာရေးဆရာများ၏ ရှေ့ရေးအတွက်ဆွေးနွေးကြသည်။ ထိုစဉ်က ရဲဘော်သုံးကျိပ်က ကိုဆောင်းနှင့် ဂျပန်စာရေးဆရာကြီး ဂွန်တကာမိတို့နှင့် သွားတွေ့သောအခါ သူတို့က တတ်နိုင်သမျှကူညီပါမယ်လို့ပြောဆိုကတိပြုခဲ့သည်။ လူထုဦးလှက စာရေးဆရာတွေတောပြေးနေရာမှ ယခုရန်ကုန်ပြန်ရောက်ကြပါပြီ၊ ပြန်စည်းရုံးပြီး စာရေးချင်သည်။ စာအုပ်တစ်အုပ်ထုတ်ချင်သည်ဟု ပြောသောအခါ မစ္စတာတကာမိနှင့် ကိုဆောင်းက "လုပ်ပါ"ဟုပြောသည်။ ဗိုလ်ချုပ်ဈေး အပေါ်ထပ်တွင် နှစ်ကြိမ်၊ သုံးကြိမ်ဆွေးနွေး၍ မစ္စတာတကာမိနှင့် အခြားဂျပန်စာရေးဆရာတွေလည်း ကိုဆောင်းနှင့်အတူ တက်ရောက်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းကို ဂျပန်ခေတ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ကြသည်။ ၎င်းအသင်းသည် ဂျပန်ခေတ်တွင်အစောဆုံးပြန်လည်ဖွဲ့စည်းသော စာပေအသင်းဖြစ်သည်။ အသင်းအနေဖြင့် မဂ္ဂဇင်းတစ်စောင်လည်း ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။ စာပေသမိုင်းကို ပြန်ကြည့်လျှင် ပုဂံခေတ်သုံးစကားဝေါဟာရတို့၏ တိုတိုနှင့် ထိမိမှု၊ ပင်းယခေတ်၌ဖြစ်သော ကဗျာလင်္ကာအဖွဲ့အနွဲ့၊ တောင်ငူ၊ အင်းဝခေတ်တို့၌ ပေါ်လာသောရတု၊ ကဗျာ၊ ပျို့၊ ဧချင်းများ၊ ကုန်းဘောင်ခေတ်တွင်ပေါ်သော တေးထပ်၊ ဘောလယ်ရကန်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့အထိ စာပေသမိုင်းတွင် အဆင့်ဆင့်ရှိနေခဲ့သည်။ မျက်မှောက်ခေတ်တွင် မြန်မာစာဆိုများသည် နိုင်ငံတော်၏အားပေးမှုကြောင့် စာပေနှင့် စာရေးဆရာအဖြစ် တစုတလုံးတည်း ထင်ပေါ်လျက်ရှိရာ စာရေးဆရာများ၏အားထားမှီခိုရာ တွေ့ဆုံဆွေးနွေးတင်ပြတောင်းဆိုရာ အဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်လျက်ရှိလေသည်။ စာပေတိုးတက်ပြန့်ပွားစေရန်နှင့် စာပေကို လူတိုင်းစိတ်ဝင်စားလာအောင် လှုံ့ဆော်ခြင်း၊ စာပေနှီးနှောဖလှယ်ပွဲများ၊ စာပေသဘင်များ၊ စာပေညီလာခံများနှင့် စာပေပြပွဲများကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ စာပေဗိမာန်သည် စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ ခုနှစ်မှစ၍ ဘာသာရပ်အမျိုးမျိုးခွဲ၍ ကျင်းပခဲ့သည်။ ဥပမာ-ကလေးစာပေ နှီးနှောဖလှယ်ပွဲ၊ သိပ္ပံစာပေ၊ ဘာသာပြန်စာပေ၊ စာနယ်ဇင်းသမိုင်းနိုင်ငံတကာစာအုပ်နှင့် အထိမ်းအမှတ် ခရီးသွား စာတမ်းဖတ်ပွဲများ စသည်များသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုဗဟုသုတရှိစေခဲ့သည်။ ထို့ပြင်စာပေပြိုင်ပွဲများကိုလည်း နိုင်ငံတော်အစိုးရက ဆုများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုလျက်ရှိသည်။

ယနေ့မြန်မာလူထုသည် စာဖတ်ကြသည်မှာ အားရစရာပင်၊ ဝတ္ထုကဗျာစသော စာပေကိုဖတ်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိ အကောင်းအဆိုးတို့ သိမြင်၍ ကဗျာစာပေသည် ဆည်းလည်းသံဖြစ်သည်။ အလိမ္မာစာမှာရှိသည်၊ စာအုပ်စာပေလူ့မိတ်ဆွေဟု ဆိုထားသည်။ စာဟူသမျှအားလုံးဖတ်သင့်သည်။ သမိုင်းဝင် စာရေးဆရာတွေဟာ နိုင်ငံတော်က အလေးတယူကူညီမှုကို စံစားနေကြရချေပြီ။ ယနေပြန်ကြားရေးဝန်ကြီးဌာနက မြန်မာတစ်ပြည်လုံးရှိ ကျေးလက်တောရွာအနှံ့ စာကြည့်တိုက်များ ကိုယ့်အားကိုယ်ကိုးဖြင့် ဖွင့်လျက်ရှိရာ မြန်မာပြည်၏ ၈၅ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားတို့ စာပေအလင်းရောင်ကြောင့် အသိဉာဏ်ပြည့်စုံပြီးစာပေကို ချစ်မြတ်နိုးနေကြပေပြီ။ လယ်သမားတို့အတွက် စာပေသည် တစ်ခေတ်ဆန်းလာလေပြီ။ ကျွန်မတို့စာရေးဆရာတွေအနေဖြင့် စာပေမောင်နှမများဖြစ်ကြသော သတင်းစာအယ်ဒီတာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ဓာတ်ပုံဆရာ၊ ရုပ်မြင်သံကြားဆရာများသည် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များဖြစ်ကြ၍ စာဆိုတော်နေ့တွင် မြန်မာတစ်ပြည်လုံးရှိ စာပေဆွေမျိုးများနှင့်တွေ့ဆုံခွင့်၊ ဆုံစည်းခွင့်ရ၍ အထူးဝမ်းသာကြည်နူးမိပါသည်။

ထို့ကြောင့် စာဆိုတော်နေ့ကြီးကိုလည်း အောင်အောင်မြင်မြင် ပျော်ပျော်ရွှင်ရွှင် ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါသတည်း။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပို့ကုန်ကဏ္ဍတိုးတက်စေရေးအတွက် နိုင်ငံတကာဈေးကွက် တိုးတက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ငွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **"မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေ များပြားနေခြင်းအား လျော့ကျမှုရှိအောင် မည်သို့သော အစီအမံများ ချမှတ်ထားသည်ကို သိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၄၉၆၅ ဒသမ ၇၂၆) သန်းနှင့် သွင်းကုန်တင်သွင်းမှု အမေရိကန်ဒေါ်လာ (၇၃၆၆ ဒသမ ၉၃၇) သန်းဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁၂၃၃၂ ဒသမ ၆၆၃) သန်းဖြစ်ပါကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ပို့ကုန်တန်ဖိုးထက် အမေရိကန်ဒေါ်လာ (၂၄၀၁ ဒသမ ၂၁၁) သန်း ပိုခဲ့၍ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ဦးစားပေးကဏ္ဍများ ကုန်စည်(၅) မျိုးအဖြစ် ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် ချုပ်ပြီးအထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းတို့ကို ရွေးချယ်ထားပါကြောင်း။

ထို့ပြင် ပို့ကုန်ကဏ္ဍတိုးတက်စေရေးအတွက် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခွင့်ပြုခြင်း၊ ယခင်ကန့်သတ်ကုန်ပစ္စည်းများကို အဆင့်ဆင့်ဖြေလျှော့တင်ပို့ခွင့်ပြုခြင်းများ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးရေးကော်မတီနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ဖွဲ့စည်း၍ ကုန်သွယ်မှုတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် အားပေးကူညီဆောင်ရွက်ခြင်း၊ (Value Added) တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့နိုင်ရေးအတွက် SME လုပ်ငန်းများ အထူးအားပေးဆောင်ရွက်ခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့်များရရှိရေး၊ နိုင်ငံတကာဈေးကွက် တိုးတက်ရရှိရေးတို့အတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အဓိကပို့ကုန် ဆန်၊ ပြောင်း တို့ကို လက်ရှိဈေးကွက်ရရှိနေသည့် တရုတ်ဈေးကွက်သို့ တရားဝင် တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဈေးကွက်



ငွမဲဆန္ဒနယ်မှ ဦးကြည်သာ။



အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ။

သစ်များရရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်သည့်အပြင် လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်အရ သွင်းကုန်ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ ပိုမိုတင်သွင်းမှုရှိ၍ သွင်းကုန်တန်ဖိုး ပိုမိုရခြင်းဖြစ်သော်လည်း ကုန်ချောပစ္စည်းများ ထုတ်လုပ်ပြန်လည်တင်ပို့နိုင်သည့် ကာလရောက်ရှိလာပါက ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ရသည့် အခြေအနေလျော့ကျသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ **"e-Government Master Plan ရေးဆွဲပြီးစီးမှု အခြေအနေနှင့် e-Government လုပ်ငန်းများ မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာနိုင်ငံတွင် e-Government အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် e-Government Master Plan ရေးဆွဲနိုင်ရန် Asia Development Bank(ADB) ၏ အထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ် မတ်လမှ စတင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် e-Government Master Plan အတွက် e-Government Master Plan Interim Report(Draft) အား တင်ပြခဲ့ပြီး စီမံကိန်းကာလမှာ တစ်နှစ်ဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ စုစုပေါင်း (၆၅)ခုမှ e-Government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပစ္စည်းဝယ်ယူခဲ့မှုနှင့် အသုံးပြုခဲ့မှု ငွေကြေးစုစုပေါင်းမှာ (၁၆၀၄၃ ဒသမ ၈၈၅၅) ကျပ်သန်းရှိပါကြောင်း၊ Master Plan ရေးဆွဲပြဋ္ဌာန်းပြီးပါက နှစ်တို/နှစ်လတ်/နှစ်ရှည် အချိန်ကာလအပိုင်းအခြားအလိုက် အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ(Action Plan) ပါဝင်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ Master Plan များအပေါ် အခြေခံ၍ စီမံကိန်းပမာဏနှင့် စီမံကိန်းခန့်မှန်းကုန်ကျ တန်ဖိုးအား တွက်ချက်သွားနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့်အညီ အစိုးရဝန်ကြီးဌာနများသည် e-Government စနစ်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသုံးပြုနိုင်ရေး ရည်ရွယ်၍ လ (၂၀) အစီအမံရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သော နည်းပညာ၊ လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ရေး စတင်အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် နည်းလမ်းများကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စင်ကာပူနိုင်ငံ Infocomm Development Authority တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ ညှိနှိုင်းပေါင်းစပ်စီမံပေးလျက်ရှိပါကြောင်း။

e-Government စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ပိုမိုထိရောက် အကျိုးဖြစ်ထွန်းစေရေးအတွက် သက်ဆိုင်ရာ e-Government လုပ်ငန်းစဉ်များအလိုက် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းရွေးချယ်သတ်မှတ်ကာ သက်ဆိုင်မည့်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်၍ အမျိုးသားအဆင့်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဦးတည်ချက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**



ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း။

**နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်မြက တင်သွင်းသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက **လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း



ဒုတိယဝန်ကြီး ဦးတင်ဦးလွင်။

ကော်မတီဝင် ဦးမောင်အေးထွန်းက တင်သွင်းခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေသည် ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးကာလအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများအရ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည်။ ယင်းအက်ဥပဒေတွင် မြေပဲနှင့်ဝါဂွမ်းကို သတ်မှတ်ခွင့်ပြုထားသော ဧရိယာဒေသအတွင်း၌သာ ဝယ်ယူရောင်းချခွင့်ပြုပြီး ယင်းသို့ဝယ်ယူ ရောင်းချခြင်းကိုလည်း ဈေးကွက်ကော်မတီတစ်ရပ်ကသာ စီမံကြီးကြပ်နိုင်ရန် ပြဋ္ဌာန်းထားသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးနေသော လက်ရှိအခြေအနေတွင် လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ကျင့်သုံးဆောင်ရွက်ရန် ခေတ်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့ကြောင်း သိရသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က **သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် နိုဝင်ဘာ ၁၉ ရက်တွင် အဆိုပါဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသော နည်းပညာတက္ကသိုလ်နှင့်ကွန်ပျူတာတက္ကသိုလ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့်ကျွမ်းကျင်သူများရရှိအောင် လေ့ကျင့်သင်ကြားပေးရန် ကျောင်းသား ကျောင်းသူများအား ခေတ်နှင့်အညီ သတင်းအချက်အလက်နည်းပညာကိုအခြေခံပြီး သင်ကြားပေးရန်၊ အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားစေရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သင်ကြားရေး၊ စီမံရေး၊ ကျောင်းသားရေးရာနှင့် ဘဏ္ဍာရေးတို့ကို စီမံခန့်ခွဲရာတွင် နိုင်ငံတော်၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်အလိုက် စီမံခန့်ခွဲမှုကို ကိုယ်တိုင်ရေးဆွဲ၍ ရှေ့လုပ်ငန်းစဉ်များအတွက် စီမံချက်များရေးဆွဲရန်၊ ကျောင်းသားများ ပညာလေ့လာသင်ယူမှု၊ ဆရာ ဆရာမများ၏ သင်ကြားမှုနည်းစနစ်များနှင့် ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စများကို သုံးသပ်ချက်၊ အကြံပြုချက်များဖြင့် ပြန်လည်တင်ပြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဘရှေနှင့် ဒေါက်တာအောင်ကျော်မြတ်တို့က ဝန်ကြီးဌာန၏လုပ်ငန်းများကို ဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက တက္ကသိုလ်အလိုက် သင်ကြားစီမံဆိုင်ရာ ကိစ္စများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

လုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် အချို့ကိစ္စများတွင် နှောင့်နှေးမှုအချို့ရှိနေခြင်းဖြစ်ပါကြောင်း။

**မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ပြည်သူတို့၏ စားဝတ်နေရေး၊ အခြေခံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ခြင်းဖြစ်ပါကြောင်း၊** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျေးလက်ပြည်သူများက ကိုယ်တိုင်ပါဝင်ရေးဆွဲ အကောင်အထည်ဖော်တတ်စေရန် လေ့ကျင့်ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ ကျေးရွာအတော်များများ ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးရွာအနှံ့ ပြည်သူများနှင့်ထိတွေ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနေပါကြောင်း၊ အလားတူ သမဝါယမဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများကလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ကျေးလက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များကို ကွင်းဆင်းကာ မြို့ပြအိမ်ရာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းရေးဆွဲတတ်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ပါ ကြောင်း၊ **မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ဒေသခံပြည်သူ များ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးအပါအဝင် မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဌာနဆိုင်ရာဝန်ထမ်းများသာမက မြို့တွင် အမြဲအခြေချနေထိုင်လျက်ရှိသည့် မြို့မိမြို့ဖ၊ မြို့သူမြို့သားများနှင့်ညှိနှိုင်းတိုင်ပင်ရေးဆွဲကြရမည်ဖြစ်ပါကြောင်း။**

ယင်းသို့လက်တွေ့ရေးဆွဲအကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့အစည်းများက ခေတ်အဆက်ဆက်ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားစာများကို အခြေခံဆောင်ရွက်ရခြင်းကြောင့် ဖြေရှင်းဆောင်ရွက်ပေးရာတွင် နှောင့်နှေးမှုများ၊ ကန့်သတ်ချက်များမရှိစေရေး ရှင်းလင်းလွယ်ကူပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကိုချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ဒုတိယသမ္မတ ဦးဟင်္ဂါထွန်း ဦးဆောင်သည့် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးလျက် ရေရှည်ခိုင်မာသည့် ဥပဒေများ၊ မူဝါဒများ ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ မြေယာနှင့်ပတ်သက်သည့် ပြဿနာများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံအတွက် အခြေခံကျပြီး အရေးကြီးသည့် သယံဇာတဖြစ်သည့် မြေနှင့်ရေဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများအတွက်လည်း အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပြီး မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ရေးစီမံဆောင်ရွက်လျက်ရှိခြင်းကြောင့် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ **ပြည်သူတို့၏နေထိုင်မှုနှင့်လူမှုအဆင့်အတန်းမြင့်မားရေးအတွက်ဆောင်ရွက်ရာတွင် အိုးမဲ့အိမ်မဲ့များ နေရာချထားပေးနိုင်ရေးအတွက် နိုင်ငံတော်က စဉ်းစားစီမံလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ဥပဒေမဲ့ကျူးကျော်မှုများကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆင်းရဲသည့်ပြည်သူများအတွက်နေထိုင်စရာတစ်ခုတည်း စဉ်းစားစီစဉ်ရုံဖြင့် မပြည့်စုံနိုင်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများကိုပါ တွဲဖက်စဉ်းစားစီမံပေးရမည်ဖြစ်ပါကြောင်း။**

နိုင်ငံတော်အနေဖြင့်လည်း သစ်တောမြေများတွင် ကျူးကျော်နေထိုင်သူများ၊ မြို့ပြနှင့်ကျေးရွာများတွင် ကျူးကျော်နေထိုင်သူများအား စနစ်တကျနေရာချထားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် သစ်တောမြေများ၌ ကျူးကျော်နေထိုင်လျက်ရှိသည့် ကျေးရွာပေါင်း ၁၂၁၃ ရွာကို သစ်တောမြေမှစွန့်လွှတ်ကာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုနေရာချထားပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီ ဖြစ်ပါကြောင်း။

ရှေးယခင်ကာလက ထူထောင်ခဲ့ကြသည့် မြို့ပြကျေးရွာများသည် ယခုဆိုလျှင် လူဦးရေ တိုးတက်များပြားလာမှုကြောင့် သောက်သုံးရေရှားပါးလာခြင်း၊ လျှပ်စစ်မီးလိုအပ်ချက်၊ ယာဉ်ကြောပိတ်ဆို့မှု၊ ရေစီးရေလာပြဿနာနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုစသည်တို့ကို ရင်ဆိုင်နေကြရပါကြောင်း၊ အထူးသဖြင့် မြို့ကြီးများတွင် ရရှိနိုင်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၏ ဆွဲဆောင်မှုကြောင့် ကျေးလက်နေပြည်သူများ မြို့ပြပြောင်းရွှေ့မှု ဖြစ်စဉ်များသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေကာ ကျူးကျော်နှင့် အဆင့်မမီအိမ်ရာများ တိုးပွားလာသည်ကိုတွေ့ရှိရပါကြောင်း၊ အခြားနိုင်ငံများတွင်လည်း အလားတူပြဿနာများကို ဖြေရှင်းရန်အတွက် မြို့ပြစီမံကိန်းများ အဆိုပြုရေးဆွဲပြီး ယင်းတို့ကို ကျောထောက်နောက်ခံပြုမည့် Urban Planning Act ကဲ့သို့ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ကြပါကြောင်း၊ ထိုသို့ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့ပြကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းပုံစံများကိုရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မက်ကင်ဆေးသုတေသနအဖွဲ့၏ လေ့လာသုံးသပ်ချက်တွင် "မြန်မာနိုင်ငံတွင် လူဦးရေနှစ်သိန်းအထက်ရှိသည့် မြို့ကြီးများ၌ နေထိုင်သူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာနိုင်သည်ကို တွက်ချက်ထားပါကြောင်း၊ မြို့ပြများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၂၀ အတွင်းတွင် အမေရိကန်ဒေါ်လာ ၁၄၆ ဘီလီယံရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်ကာ ပထမအဆင့်အဖြစ် ခေတ်မီစီမံကိန်းရေးဆွဲရေးစနစ်တစ်ရပ်နှင့်အတူ မြို့ပြတိုးချဲ့မှုအတွက် ကြိုတင်လျာထားရန် လိုအပ်ကြောင်း၊ ဒုတိယအဆင့်အဖြစ် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ တတိယအဆင့်အဖြစ် ထိုမြို့ပြကြီးများ၏ အုပ်ချုပ်ရေးကောင်းမွန်စေရန် စဉ်းစားရန်လိုအပ်ကြောင်း"ဖြင့် အကြံပြုဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**ယခုဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် မြို့ပြစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ရေရှည်မြော်တွေးကာ ခေတ်မီစီမံကိန်းဖြစ်ရန်သာမက ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေ ချိန်ဆတွက်ချက်မှုပါ စဉ်းစားဆွေးနွေးပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊** ဆွေးနွေးမှုများ၊ အကြံပြုမှုများအပေါ် မူတည်ကာ နိုင်ငံတော်အနေဖြင့် Urban Policy နှင့် Urban Development Strategy များကို နည်းလမ်းမှန်ကန်စွာ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး National Housing Policy နှင့် Housing Development Strategy များကို ပြည်သူလူထု၏ လိုအပ်ချက်နှင့်အညီ ချမှတ်ဖော်ဆောင်ပေးသွားရမည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာစီမံကိန်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားသမီးများအတွက် အဆင့်မြင့်ပညာသင်ထောက်ပံ့ကြေးပေးနိုင်အောင် အာမခံစနစ်၊ အရစ်ကျစနစ်၊ ချေးငွေစနစ်များဖြင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ဆင်းရဲနွမ်းပါးသူများ၊ မသန်စွမ်းသူများ၊ ပင်စင်စားများ၊ တိုက်ပွဲကျ စစ်သည်များ၏ မိသားစုများ၊ ဝင်ငွေနည်းသည့် သာမန်ပြည်သူများအတွက် သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အရစ်ကျစနစ်၊ ချေးငွေစနစ်အပြင် ပုံမှန်ဝင်ငွေမရှိသဖြင့် ဝယ်ယူရန် အခက်အခဲရှိသူများအတွက်လည်း ပြည်သူ့အငှားအိမ်ရာများ အကောင်အထည်ဖော်ကြရန် စဉ်းစားဆွေးနွေးစီမံပေးရမည်ဖြစ်ပါကြောင်း။**

မြို့ပြနှင့် ဆက်စပ်ဒေသများကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေလိုပါက လူနေထိုင်ရန် Residential Area၊ စီးပွားရေးလုပ်ကိုင်ရန် Commercial Area၊ စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် Industrial Zone၊ စိုက်ပျိုးမြေကာကွယ်ရန် Agricultural Land၊ သစ်တောမြေထိန်းသိမ်းရန် Forest Area စသည်ဖြင့် စနစ်တကျ ခင်းကျင်းစီမံမှသာ အလုပ်အကိုင် အခွင့်အလမ်းအတွက် ရင်းနှီးမြှုပ်နှံမှု မြေနေရာများ သတ်မှတ်ချထားနိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့ ပူးပေါင်းညှိနှိုင်းမှု၊ သတ်မှတ်ပြဋ္ဌာန်းမှုများ မလုပ်ဆောင်ခဲ့ပါက နောင်တစ်ချိန်တွင် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်လာနိုင်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တို့က ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပီပီပြင်ပြင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်စေရန် လွှမ်းခြုံသည့်မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်စီမံကိန်းများ ဆွေးနွေးချမှတ်နိုင်ရန် လိုပါကြောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဒေသခံမြို့မိမြို့ဖပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားများကို အလေးထား ဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းကြစေလိုပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အစိုးရသက်သက်၊ ပုဂ္ဂလိကသက်သက် ဆောင်ရွက်မည့် အစီအစဉ်များအပြင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ဖိတ်ခေါ်မည့် နည်းလမ်းများနှင့် နိုင်ငံတော်၏ ပြည်သူ့အိမ်ရာ မူဝါဒများ အကောင်အထည်ဖော်မှုကို အထောက်အကူဖြစ်စေမည့် ဘဏ္ဍာရေးအခြေခံ အဆောက်အအုံတစ်ရပ် ထူထောင်နိုင်စေရန် ရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်ရေး ပါဝင်သင့်ပါကြောင်း။

မူဝါဒနှင့်စီမံကိန်းများသည် ရေးဆွဲဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင်၏ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း နှစ်ရှည်ရည်မှန်းချက်များနှင့်အညီ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အားလုံးဝိုင်းဝန်း ဆွေးနွေးအကြံပြုကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် UN-Habitat ဌာနေကိုယ်စားလှယ် မစ္စတာ ဗီဂျေ ကာမာချာရာက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲအပိုင်း(၁) မြို့ပြဖွံ့ဖြိုးရေးမူဝါဒနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍတွင် အစုအဖွဲ့နှစ်စုခွဲ၍ သဘာပတိများအဖြစ် ဦးဝင်းမြင့်နှင့် ဦးဝင်းဇော်တို့ကလည်းကောင်း၊ ဆွေးနွေးပွဲအပိုင်း(၂) အိမ်ရာမူဝါဒနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဏ္ဍတွင် အစုအဖွဲ့နှစ်စုခွဲ၍ သဘာပတိများအဖြစ် ဦးသံမိုးနှင့် ဦးမြင့်ဆွေတို့ကလည်းကောင်း ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲအပိုင်း(၁)တွင် ဦးဝင်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်သည့် အစုအဖွဲ့တွင် အမျိုးသားအဆင့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြဖွံ့ဖြိုးရေးအစီအစဉ်များ၊ မြို့ပြအသွင်ပြောင်းလဲမှုနှင့်မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် လမ်းကွန်ရက်စနစ်၊ မြို့ပြနှင့်ဒေသစီမံကိန်းဥပဒေရေးဆွဲပြဋ္ဌာန်းရေးဆိုင်ရာ ခေါင်းစဉ်များကို လည်းကောင်း၊ ဦးဝင်းဇော်က သဘာပတိအဖြစ်ဆောင်ရွက်သည့် အစုအဖွဲ့တွင် အမျိုးသားအဆင့် မြို့ပြစီမံကိန်းနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့်လျှပ်စစ်ဓာတ်အားအခန်းကဏ္ဍ၊ ရန်ကုန်နှင့်မန္တလေးမြို့တော်များစီမံကိန်းနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခေါင်းစဉ်များကိုလည်းကောင်း အသိပညာရှင်အတတ်ပညာရှင်၊ စာတမ်းရှင်များက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပိုင်း(၂)တွင် ဦးသံမိုးက သဘာပတိအဖြစ် ဆောင်ရွက်သည့် အစုအဖွဲ့တွင် အမျိုးသားအဆင့် အိမ်ရာဖွံ့ဖြိုးရေးမူဝါဒများ၊ အိမ်ရာငွေကြေးစနစ်ဖွံ့ဖြိုးရေးနှင့်အိမ်ရာချေးငွေအစီအစဉ်များ၊ UN-Habitat အိမ်ရာမူဝါဒများနှင့် နည်းဗျူဟာများ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဥပဒေများအပေါ် လေ့လာသုံးသပ်ခြင်းဆိုင်ရာခေါင်းစဉ်များကိုလည်းကောင်း၊ ဦးမြင့်ဆွေက သဘာပတိအဖြစ်ဆောင်ရွက်သည့်အစုအဖွဲ့တွင် အိမ်ရာစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဝင်ငွေနည်းပြည်သူများအတွက် ပြည်သူ့အိမ်ရာစီမံကိန်း၊ အိမ်ရာစီမံကိန်းမြေလိုအပ်ချက်နှင့်ကျူးကျော်အိမ်ရာဖြေရှင်းရေး၊ ပြည်သူများအတွက် သင့်လျော်ကောင်းမွန်သောအိမ်ရာများတည်ဆောက်ရေး၊ မြေယာလိုအပ်ချက်နှင့် ကျူးကျော်အိမ်ရာပြဿနာဖြေရှင်းရေးဆိုင်ရာခေါင်းစဉ်များကို လည်းကောင်း အသိပညာရှင်အတတ်ပညာရှင်၊ စာတမ်းရှင်များကဆွေးနွေးခဲ့ကြသည်။

**မိမိတို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက ပြည်သူတို့၏ စားဝတ်နေရေး၊ အခြေခံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့ခြင်းဖြစ်ပါကြောင်း။**

**ပြည်သူတို့၏ နေထိုင်မှုနှင့်လူမှုအဆင့်အတန်း မြင့်မားရေးအတွက်ဆောင်ရွက်ရာတွင် အိုးမဲ့အိမ်မဲ့များ နေရာချထားပေးနိုင်ရေးအတွက် နိုင်ငံတော်က စဉ်းစားစီမံလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ဥပဒေမဲ့ကျူးကျော်မှုများကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆင်းရဲသည့်ပြည်သူများအတွက် နေထိုင်စရာတစ်ခုတည်း စဉ်းစားစီစဉ်ရုံဖြင့် မပြည့်စုံနိုင်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများကိုပါ တွဲဖက်စဉ်းစားစီမံပေးရမည်ဖြစ်ပါကြောင်း။**

**ယခုဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် မြို့ပြစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ရေရှည်မြော်တွေးကာ ခေတ်မီစီမံကိန်းဖြစ်ရန်သာမက ရင်းနှီးမြှုပ်နှံနိုင်မှုအခြေအနေ ချိန်ဆတွက်ချက်မှုပါ စဉ်းစားဆွေးနွေးပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။**

**နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာစီမံကိန်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားသမီးများအတွက် အဆင့်မြင့်ပညာသင်ထောက်ပံ့ကြေးပေးနိုင်အောင် အာမခံစနစ်၊ အရစ်ကျစနစ်၊ ချေးငွေစနစ်များဖြင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ဆင်းရဲနွမ်းပါးသူများ၊ မသန်စွမ်းသူများ၊ ပင်စင်စားများ၊ တိုက်ပွဲကျစစ်သည်များ၏ မိသားစုများ၊ ဝင်ငွေနည်းသည့် သာမန်ပြည်သူများအတွက် သက်သာသည့် နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အရစ်ကျစနစ်၊ ချေးငွေစနစ်အပြင် ပုံမှန်ဝင်ငွေမရှိသဖြင့် ဝယ်ယူရန် အခက်အခဲရှိသူများအတွက်လည်း ပြည်သူ့အငှားအိမ်ရာများ အကောင်အထည်ဖော်ကြရန် စဉ်းစားဆွေးနွေး စီမံပေးရမည်ဖြစ်ပါကြောင်း။**

ညနေပိုင်းတွင် သဘာပတိများကဆွေးနွေးခဲ့သည့် စာတမ်းများအလိုက် ပြန်လည်ခြုံငုံသုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုဖော်ထုတ်ခြင်း၊ တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ကြသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးချက်များ၊ စာတမ်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်္ဂါထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ် အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ သာသနာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)က ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တသီလာစာရာဘိဝံသ (စေတိယင်္ဂဏအစိုးရဓမ္မာစရိယ)၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကလည်းကောင်း ဆွေးနွေးတော်မူကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် သောင်ကြီးကျေးရွာ ရွာလယ်ကျောင်း ဝိဝါဒါဓိကရုဏ်းမှုခင်းကိစ္စ၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအုပ်စု စည်ပင်သာကျေးရွာ စည်ပင်သာကျောင်း ဦးပညာသာမိ၏ အနုဝါဒါဓိကရုဏ်းမှုခင်းကိစ္စ၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြို့ကြီးအုပ်စု မြေကျက်ဆူကျေးရွာ မဟာဗောဓိရာမကျောင်းတိုက် ဝိဝါဒါဓိကရုဏ်းမှုခင်းကိစ္စ၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့နယ်သံဃနာယက ဝိနိစ္ဆယအဖွဲ့ အမှတ်(၁/၂၀၁၃)၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဦးဓမ္မိဿရကဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ပေးရန်ကိစ္စ၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဇေယျဝတီရပ်ကွက် တောင်ပေါ်ကျောင်းနေ ဦးကောဏ္ဍညအား အရေးယူပေးရန်ကိစ္စ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု သူဌေးကုန်းရွာ မဟာဇောတိကာရာမကျောင်းတိုက်မှ ဦးထာဝရအား ဖယ်ရှားပေးရန်ကိစ္စ၊ ပဲခူးတိုင်းဒေသကြီး ထန်းထပင်မြို့နယ် မြို့စိုးရွာဦးကျောင်းဘုန်းတော်ကြီး ဦးသောဘဏက မြို့နယ်သံဃနာယကအဖွဲ့အပေါ် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တိုင်ကြားခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စုံစမ်းရေးအဖွဲ့မှ အစီရင်ခံစာတင်ပြလာခြင်းကိစ္စ၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်တန်းအုပ်စု စိုင်ကောင်းကျေးရွာ၌ ကျောင်းသစ်ဆောက်လုပ်မှုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စုံစမ်းရေးအဖွဲ့မှ အစီရင်ခံတင်ပြလာခြင်းကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ပိုင် အလယ်တောရကျောင်းကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်အမှတ် (၁) မောင်သန်းလမ်းရှိ အောင်သိဒ္ဓိဘုရားဝတ္တကမြေအတွင်းရှိ ကျောင်းကိစ္စနှင့် ဦးရာဇိန္ဒ၏ ဂိုဏ်းကူးပြောင်းခြင်းကိစ္စတို့ကို ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်းအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရပ်နားတော်မူပြီး မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)၊ ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစု၊ ကမ္ဘာအေးဗီလာ၊ ဒေါ်အေးမြင့်မိသားစုကောင်းမှု၊ အမှတ်(၁၃၃/က)၊အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကျောက်ရေတွင်းတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁ နာရီတွင် ဒုတိယနေ့ ဒုတိယပိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာဘုံမြင့်ကျောင်း ကျောင်းထိုင် တင်မြှောက်မှုကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ် ကန်ဦးကျောင်းကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ္ပျတ်ကျေးရွာ (၅၆၀/စီ) ဦးပိုင်အမှတ် (၆၈/၃) ဧရိယာ (၂ ဒသမ ၈၄) ဧကမြေပေါ်တွင် ဆောက်လုပ်ထားသော အောင်စည်ဟိန်းကျောင်းမြေ အငြင်းပွားမှုကိစ္စ၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ အမာကျေးရွာအုပ်စု ဘဝသစ်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းသစ် ဆောက်လုပ်ခွင့်ပြုရန်ကိစ္စ၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကူကျေးရွာ ကျုံကူတောင်ကျောင်းနှင့် ကျုံကူရွာအလယ်ကျောင်းကြီးပေါ်သို့ တရားမဝင်တက်ရောက်နေထိုင်ကြသော ဦးဝိလာသနှင့် အပေါင်းအပါများအား ဖယ်ရှားနှင်ထုတ်ပေးရန်ကိစ္စ၊ သံဃာ့အဖွဲ့အစည်းများ အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း စသည်များ ပြင်ဆင်ရေးဆွဲရေးအဖွဲ့ ပင့်ဆောင်ရန်ကိစ္စ၊ ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ တင်သွင်းခဲ့သော အဆိုလွှာ (၉)မျိုးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စ၊ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၊ မှတ်တမ်း၊ အထောက်အကူပြုအဖွဲ့၏ မှတ်တမ်းများ မှတ်တမ်းတင်အတည်ပြုနိုင်ရေးကိစ္စ၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ တင်ပြလာခြင်းကိစ္စ၊ ဘာသာရေးဆိုင်ရာစာအုပ်၊ စာပေများကြိုတင်စိစစ်ပြီးမှ ထုတ်ဝေခွင့်ပြုရန်ကိစ္စ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးအခြေအနေ လျှောက်ထားခြင်းကိစ္စ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သင်ကြားစီမံဆရာများနှင့် သင်တန်းသားများလိုက်နာရန် စည်းမျဉ်း (မူကြမ်း) အတည်ပြုပေးနိုင်ရန်ကိစ္စ၊ ၂၀၁၅ ခုနှစ် ဓမ္မာစရိယ ပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်၊ ပညာရေးဗဟိုအဖွဲ့ ဖွဲ့စည်းပေးရန်နှင့် မေးခွန်းလုပ်ငန်းစီမံချက်ရေးဆွဲတင်ပြလျှောက်ထားခြင်းကိစ္စ၊ သတ္တမအကြိမ် ပဉ္စမ(လေးလပတ်)နိုင်ငံတော် ဝိနည်းမိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပင့်ဆောင်ရန်ကိစ္စ၊ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တအကုံရ (သာသနဓဇဓမ္မာစရိယ) ဆရာတော်များက လည်းကောင်း ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလတွင် ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က အတည်ပြုချက် ရယူတော်မူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံး "ဇယန္တော ဗောဓိယာမူလေ"အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုလျက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

### နိုင်ငံတော်သမ္မတရုံး

**(အမိန့်အမှတ်၊ ၂၆/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်အား သမ္မတရုံးဝန်ကြီးဌာန(၅) ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာဆီယံစီးပွားရေးအကြံပေးကောင်စီ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

အာဆီယံစီးပွားရေးအကြံပေးကောင်စီ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Hilton Kuala Lumpur ဟိုတယ်၌ ကျင်းပခဲ့ရာ မလေးရှားနိုင်ငံဝန်ကြီးချုပ် YAB Dato' Sri Mohd Najib bin Tun Abdul Razak၊ ဝန်ကြီးများ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီ မြန်မာအဖွဲ့ဝင်များဖြစ်ကြသော ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုး၊ အလုပ်အမှုဆောင်ဦးမိုးကျော်နှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အာဆီယံစီးပွားရေးအကြံပေးကောင်စီအလှည့်ကျဥက္ကဋ္ဌ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်သည့် သက်တမ်း(၁၇)နှစ်အတွင်း အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌတာဝန်ကို ပထမဆုံးအကြိမ် ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဘရူနိုင်းနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို စတင်လွှဲပြောင်းရယူခဲ့ပြီးသည့်အချိန်မှစ၍ အာဆီယံစီးပွားရေးအကြံပေးကောင်စီ(မြန်မာ)အဖွဲ့ဝင်များသည် "Inclusive Connectivity:A Growth Paradigm" ဟူသည့် ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ ASEAN Business Award ဆုချီးမြှင့်ပွဲနှင့် ASEAN Business and Investment Summit ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ မလေးရှားနိုင်ငံက အာဆီယံစီးပွားရေးအကြံပေးကောင်စီ ဥက္ကဋ္ဌတာဝန်ရယူချိန်တွင်လည်း အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်စေရန်အတွက် ဆုတောင်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ Y.Bhg.Tan Sri Dr.Mohd Munir bin Abdul Majid က အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် YAB Dato' Sri Mohd Najib bin Tun Abdul Razak က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်မည့် မလေးရှားနိုင်ငံအာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင် Y.Bhg. Tan Sri Dr.Mohd Munir bin Abdul Majid အား ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် YAB Dato' Sri Mohd Najib bin Tun Abdul Razak က အာဆီယံ ၂၀၁၅ ဥက္ကဋ္ဌ Logo နှင့် Theme တို့အား မိတ်ဆက်ပြသပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီရာထူးအား လက်ခံရယူစဉ်အတွင်း ASEAN Business and Investment Summit ကို နေပြည်တော် MICC-2 တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ASEAN Business Award အတွက်လည်း မူလချီးမြှင့်သည့် ဆုအမျိုးအစားများအဖြစ် Young Entrepreneur ဆုနှင့် Woman Leader ဆုကဏ္ဍများကိုလည်း တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သည်။

အာဆီယံဒေသတွင်း ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် နေပြည်တော်၌ ကျင်းပသော (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များထံလည်းကောင်း တင်ပြဆွေးနွေးနိုင်ခဲ့သည်။

အာဆီယံစီးပွားရေးအကြံပေးကောင်စီကို အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကကဏ္ဍနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် အကြံပြုချက်များကို အာဆီယံခေါင်းဆောင်များနှင့် စီးပွားရေးဝန်ကြီးများထံ တင်ပြရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များဖြင့် ၂၀၀၃ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့သည်။

အာဆီယံစီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌတာဝန်ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် အိမ်ရှင်နိုင်ငံက လက်ခံခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်အတွက် ဥက္ကဋ္ဌတာဝန်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ဘရူနိုင်းနိုင်ငံမှ မြန်မာနိုင်ငံက လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၈။)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့်ကျေးလက်ဒေသမကျန် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲရာတွင် ပါဝင်လာစေရန်၊"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေ ပုဒ်မ ၈၊ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၄)တွင်ပါရှိသော "မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို"မြို့နယ်ဦးစီးမှူး၊မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၆)တွင် ပါရှိသော "မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို"မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစား ထိုးရမည်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ငွေအဖြစ် လွှဲပြောင်းပေးပို့သောငွေကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစီအစဉ်အောက်၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ထောက်ပံ့ငွေအမည်ဖြင့်ငွေစာရင်းဖွင့်လှစ်ပြီး ငွေထုတ်သူ အရာရှိအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဦးစီးမှူး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ဗဟိုကော်မတီသို့ ပေးပို့ခြင်း၊"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာရင်းများကိုစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စု စာရင်းစစ်ချုပ်ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးပြီးစာရင်းစစ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့်ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော"နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။**



မြန်မာနိုင်ငံသို့ ကက်သလစ်ဘာသာဝင်များရောက်ရှိခြင်း နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပစဉ်။

○ကျောဖုံးမှ

ဖြစ်တယ်ဆိုတာ ဘုရားကို သက်သေပြရင်းနဲ့ ကိုယ့်ရဲ့ညီအစ်ကိုမောင်နှမတွေရဲ့ ချစ်ခြင်းမေတ္တာနဲ့ ငြိမ်းချမ်းခြင်းကို တည်ဆောက်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်လေးဖြစ်ပါတယ်။ ရဟန်းမင်းကြီးကိုယ်တိုင် မကြွလာနိုင်ပေမယ့် အထူးကိုယ်စားလှယ်တော်က ကြွလာတဲ့အတွက် ရဟန်းမင်းကြီးကိုယ်တိုင်ကြွလာသလို အားလုံးကပျော်ကြတယ်။ အားလုံးကလက်ခံကြတယ်။ သူ့ကို နှုတ်ဆက်ချင်ကြပြီး သူ့ရဲ့ကောင်းချီးကိုခံချင်ကြတယ်။ နိုင်ငံတော်က ဒီပွဲကျင်းပတာကအစပိတ်ပွဲအထိ အားလုံးကို လှိုက်လှိုက်လှဲလှဲခွင့်ပြုကူညီပေးပါတယ်။ ပွဲတော်ရက်ကြီးကို ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ကျင်းပရင် သာသနာရေးဝန်ကြီးနဲ့ ပြန်ကြားရေးဝန်ကြီးတို့တက်ရောက်လာဖို့ရှိပါတယ်။ ဒီပွဲကို ကျင်းပခွင့်ရတဲ့အတွက် ဘုန်းတော်ကြီးတစ်ပါးအနေနဲ့ အရမ်းဝမ်းသာပါတယ်။ ကိုယ့်ညီအစ်ကိုမောင်နှမတွေနဲ့လည်း စည်းစည်းလုံးလုံးတွေ့ခွင့်ရတယ်။ အရမ်းလဲ ဂုဏ်ယူမိပါတယ်"ဟု ဖာသာလီယိုမာ ကက်သလစ်လူမှုဆက်သွယ်ရေးတာဝန်ခံက ပြောသည်။

"မြန်မာပြည်မှာ ခရစ်ယာန်ဘာသာရဲ့ အမှတ်လက္ခဏာများကို ပုဂံမြို့ကျန်စစ်သားမင်းတည်ထားကိုးကွယ်ခဲ့တဲ့ အာနန္ဒာစေတီ အတွင်း အုတ်နံ့ရံပေါ် ပဒုမ္မာကြာပွင့်ရဲ့ ပွင့်ရွက်တွေပေါ်မှာ လာတင်းခရူစူး လေးခု၊ ဂရိတ်ခရူစူးလေးခု၊ ကြာပွင့်ဗဟိုမှာ လာတင်းခရူစူးတစ်ခုတို့ကို စတင်တွေ့ရှိခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အခုလိုပထမဆုံး သာသနာနှစ် ၅၀၀ ပြည့်တဲ့အချိန်မှာ ဒီပွဲကိုကျင်းပခဲ့တာပါ။ ဒီပွဲကို ကျွန်တော်တို့ ကြိုလာတဲ့အတွက်ကြောင့် အရင်တုန်းက သာသနာပြုတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ကနေပြီးတော့ သူတို့ရဲ့မှတ်တမ်းလေးတွေကို ပြန်ယူပြီး မြန်မာပြည်မှာရှိတဲ့ ခရစ်ယာန်တွေအားလုံးလည်းသိရအောင်၊ တခြားဘယ်သူပဲဖြစ်ဖြစ် ဗဟုသုတရအောင် ဒီပြခန်းကို ဖွင့်လှစ်ထားတာပါ" ဟု ပြပွဲတာဝန်ခံ ဖာသာဘန်းနတစ်ဌေးလွင်ကပြောသည်။

"အန်တီကတော့ အများကြီးပျော်တာပေါ့။ ဘာလို့လဲဆိုတော့ နှစ် ၅၀၀ဆိုတဲ့အချိန်က နောက်တစ်ခါ နှစ် ၅၀ မပြောနဲ့ ၂၅ နှစ်တောင် အန်တီ့အသက်အရွယ်နဲ့မမီတော့ပါဘူး။ ဒါပေမယ့် အခုလို ကိုယ့်ရဲ့ချစ်လှတဲ့ ညီအစ်ကို မောင်နှမတွေမြေပြန့်တောင်ပေါ်အကုန်လုံးနဲ့ဆုံရတာ အင်မတန်ဝမ်းသာပါတယ်" ဟု ခရစ္စတီးနား ဒေါ်မိမိခင်က ပြောသည်။

■ ယူ-၂၀ မှ

ပြင်ဆင်မှုများစွာ ပြုလုပ်သွားမည်ဖြစ်ပြီး မာရာဟာလင်ဖလားပြိုင်ပွဲနှင့် အာရှယူ-၂၂ ခြေစစ်ပွဲကို ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ထို့ပြင် ဥရောပနိုင်ငံများသို့ သွားရောက်၍ လေ့ကျင့်ရန် စီစဉ်ထားပြီး ထိပ်သီးအသင်းများနှင့်လည်း ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာလူငယ်အသင်းမှာ မြန်မာ့ဘောလုံးသမိုင်း၌ ပထမဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရသည့် အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မြန်မာလူငယ်အသင်းတွင် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဦးမြကိုမင်း၊ ဂိုး-နည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-မျိုးမင်းလတ်(ဇေယျာရွှေမြေ)၊ ပြည့်စုံချစ်(ရတနာပုံလူငယ်)၊ ဝေလင်းအောင်(ရန်ကုန်လူငယ်)၊ နောက်တန်း-ထိုက်ထိုက်အောင်(ရောဝတီ)၊ သီဟထက်အောင် (ဇေယျာရွှေမြေ)၊ နန်းဝေမင်း(ရန်ကုန်လူငယ်)၊ နိုင်လင်းထွန်း(မနောမြေ)၊ နန္ဒကျော်(မကွေး)၊ ညီညီလွင်(ကမ္ဘောဇ)၊ ရဲရင့်အောင်(မြန်မာဘောလုံးအကယ်ဒမီ)၊ အလယ်တန်း - ငြိမ်းချမ်းအောင်(ရန်ကုန်)၊ ကျော်မင်းဦး(ရောဝတီ)၊ ရဲဝင်းလှိုင်၊ စွမ်းထက်အောင် (ရန်ကုန်လူငယ်)၊ ကျော်ဇင်ဦး (နေပြည်တော်လူငယ်)၊ မျိုးကိုထွန်း(ရတနာပုံလူငယ်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်ဝင်း(မကွေးလူငယ်)၊ မောင်မောင်စိုး(မကွေး)၊ ရှေ့တန်း-အောင်သူ(ရတနာပုံ)၊ သန်းပိုင်(ရန်ကုန်လူငယ်)၊ ဝေယံထိုက်(မြဝတီလူငယ်)၊ အောင်ကောင်းမာန် (ရောဝတီလူငယ်)နှင့် မောင်မောင်လွင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။

## NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နံနက် (၆း၀၀) နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား ဘာသာများကို ည (၂၃း၀၀)နာရီအထိ ထုတ်လွှင့်ခဲ့ပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ကို ပြောင်းလဲထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ နံနက် (၆း၀၀)နာရီမှ (၇း၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ (၇း၀၀)နာရီမှ (၈း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ (၈း၀၀)နာရီမှ (၉း၀၀)နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ (၉း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ (၁၀း၀၀) နာရီမှ (၁၂း၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ (၁၂း၀၀) နာရီမှ (၁၄း၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ (၁၄း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ (၁၆း၀၀)နာရီမှ (၁၈း၀၀) နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ (၁၈း၀၀)နာရီမှ (၂၀း၀၀)နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ (၂၀း၀၀) နာရီမှ (၂၂း၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ (၂၂း၀၀)နာရီမှ (၂၃း၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၁၁-၂၀၁၄ (စနေနေ့)

၅း၀၀ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၈း၀၀ Kid's Show
၈း၂၀ ကလေးတို့ကမ္ဘာ
၈း၄၀ Cartoon Series (Curious Kemi)
၁၀း၄၀ Taiwan Trip (Taiwan Excellence Pavillion)
၁၁း၀၅ The Chef
၁၁း၅၅ Drive It
၁၂း၄၀ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ" သင်တန်း
၁း၀၀ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၄၁) တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၄း၁၀ Kid's Show
၄း၃၀ ကလေးတို့ကမ္ဘာ
၄း၅၀ Faces of India Episode-3 (The Rabari of the Thar Desert Wanderers in The Borderland)
၁၂း၄၀ ခေတ်သစ်ပျိုမေ
၁း၃၀ Spain Laliga Barcelona Vs Sevilla (LIVE)
၄း၁၀ World Of Knowledge (Family Combat; One Shot OneKill)



## တွံတေးအသက်မွေးစခန်းနှင့် ရဲအချုပ်ခန်းစစ်ဆေး

**တွံတေး နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေ၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးစောကော်နေမှူး၊ တွံတေးမြို့နယ် တရားသူကြီး ဦးသိန်းထိုက်ဦးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင်အကျဉ်းဦးစီးဌာန၏ တွံတေးမြို့နယ် ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဝဲပုံ)**

ထိုသို့စစ်ဆေးရာတွင် အကျဉ်းသားများ ဥပဒေပါ အခွင့်အရေးများခံစားရရှိခွင့် ရှိ၊ မရှိ၊ စခန်းလုံခြုံရေး၊ အုပ်ချုပ်ရေး၊ အကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေ၊ အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားခဲ့ပြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် တွံတေးမြို့မ ရဲစခန်းအချုပ်ခန်းသို့ မွန်းလွဲတွင်ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မျိုးလှိုင်-တွံတေး)**

ပြည်တွင်းရေးရာ

# ဝင်ငွေနည်းပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် အငှားချအိမ်ရာစနစ် အကောင်အထည်ဖော်မည်

သတင်းနှင့် ဓာတ်ပုံ >> အောင်မိုးစိုး(ကြေးမုံ)၊ နိုင်လင်းကြည်(ကြေးမုံ)

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင်ကျင်းပရာ မြို့ပြနှင့် အိမ်ရာစီမံကိန်းဆိုင်ရာ အသိပညာရှင်အတတ်ပညာရှင်များက ကဏ္ဍအလိုက်စာတမ်းများ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သိလိုသည်များမေးမြန်းခြင်း၊ အကြံပြုချက်များ ဆွေးနွေးဖလှယ်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။ စာတမ်းရှင်များ၏ မြို့ပြအိမ်ရာစီမံကိန်းသက်ဆိုင်ရာ အကြောင်းအရာများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပထမဦးစွာ ဝင်ငွေနည်းပြည်သူများအတွက် ပြည်သူ့အိမ်ရာစီမံကိန်း စာတမ်းကို ဆွေးနွေးဖတ်ကြားခဲ့သူ မြို့ရွာ/အိုးအိမ်ဦးစီးအရာရှိ ဦးဝင်းနိုင်ကို မေးမြန်းခဲ့ရာ-

**မေး။ ဆရာ့အနေနဲ့ ဒီခေါင်းစဉ်ကို ဆွေးနွေးဖြစ်ခဲ့တဲ့ရည်ရွယ်ချက်လေးကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ နိုင်ငံတစ်ခုမှာ ပြည်သူ့အိမ်ရာစီမံကိန်းနဲ့ပတ်သက်ပြီး အစိုးရကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍဆိုပြီးနှစ်ခုရှိပါတယ်။ ဝင်ငွေနည်းတဲ့ပြည်သူတွေ၊ ဝင်ငွေအလယ်အလတ်ရှိတဲ့ ပြည်သူတွေကို အစိုးရက အိမ်ရာတွေဖြည့်ဆည်းဆောင်ရွက်ပေးရတဲ့အစဉ်အလာရှိပါတယ်။ အဲဒီမှာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းနဲ့ အငှားချပြည်သူ့အိမ်ရာစီမံကိန်းဆိုပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရော ဆောင်ရွက်နေတာတွေ့ရမှာပါ။ အဓိကကတော့ ဒီစီမံကိန်းတွေ တည်ဆောက်ဖို့ဆိုရင် မြေ၊ ဘဏ္ဍာငွေနဲ့ နည်းပညာတွေလိုပါတယ်။ ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း 'မိသားစုတိုင်း အိမ်ခန်းတစ်ခန်းပိုင်ဆိုင်ခွင့် ရှိစေရမည်'လို့ ကြွေးကြော်သံနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အတိုင်းလည်း ၁၀ နှစ်ကျော်အတွင်းမှာ မိသားစုအရေအတွက်ထက် အိမ်ခန်းက ပိုများသွားခဲ့ပါတယ်။



မြို့ရွာ/အိုးအိမ်ဦးစီးအရာရှိ ဦးဝင်းနိုင်။

**မေး။ ပြီးခဲ့တဲ့နှစ်တွေတုန်းက ဝင်ငွေနည်းပြည်သူတွေအတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းဆောင်ရွက်ခဲ့ပေမယ့် အခြေခံလူတန်းစားတွေ လက်လှမ်းမမီနိုင်တဲ့ ဈေးနှုန်းတွေကြောင့် မအောင်မြင်ခဲ့ရတဲ့အပေါ် ဘယ်လို မှတ်ချက်ပေးချင်ပါသလဲ။**

ဖြေ။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းဆိုပေမယ့် တကယ့်လက်တွေ့ဆောင်ရွက်တဲ့အခါကျတော့မြေလိုတယ်။ မြေတန်ဖိုးကို ထည့်တွက်မယ်ဆိုရင် တန်ဖိုးနည်းအိမ်ရာ မဖြစ်နိုင်ဘူး။ မြေတန်ဖိုးကို အစိုးရကစိုက်ထည့်ပေးရပါမယ်။ မြေတန်ဖိုးကို အိမ်ခန်းဝယ်ယူသူတွေဆီက ထည့်တွက်မယူရင် တန်ဖိုးနည်းနိုင်ပါတယ်။ နောက်တစ်ခုက အဆောက်အအုံဆောက်လုပ်ရေးကုန်ကျစရိတ်က တစ်ယူနစ်ကို သိန်း ၇၀ ကျပါတယ်။ ဒါအမှန်ကုန်ကျစရိတ်ပါ။ နောက် လျှပ်စစ်မီး၊ ရေ၊ လမ်းတွေ ဖောက်ပေးရမယ်ဆိုရင် တစ်ယူနစ်ကို သိန်း ၃၀ ထပ်ကုန်ပါတယ်။ တန်ဖိုးနည်း အိမ်ခန်းတစ်ခန်းက သိန်း ၁၀၀



မြို့/ရွာအိုးအိမ် ညွှန်ကြားရေးမှူး ဒေါ်မီမီတင်။



မြို့/ရွာအိုးအိမ် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းသွယ်။

အောက်မှာရဖို့ အတော်လေးခက်ပါတယ်။ နောက် အိပ်ခန်း၊ ဧည့်ခန်းနဲ့ မီးဖိုခန်းတွေနဲ့ အခန်းဖွဲ့ပုံစံနဲ့ဆောက်မယ်ဆိုရင် သိန်း ၂၀၀ ကျော်ပါတယ်။ အဲဒီမှာတောင် မြေတန်ဖိုးမပါသေးဘူး။ ဒါကြောင့် အခုအမှန်တကယ် တန်ဖိုးနည်းသွားနိုင်မယ့် နည်းလမ်းတွေ ရှာနေပါတယ်။

**မေး။ ဘယ်လိုနည်းလမ်းတွေ ရှာကြံနေပါသလဲ။**

ဖြေ။ ကျွန်တော်ဆွေးနွေးတဲ့စာတမ်းမှာ တန်ဖိုးနည်းအိမ်ရာတွေကို အရစ်ကျဝယ်ယူနိုင်အောင်နဲ့ ဝင်ငွေအလွန်နည်းတဲ့သူတွေအတွက် အငှားချအိမ်ရာစီမံကိန်း တည်ဆောက်ဖို့ပါပါတယ်။ အငှားချအိမ်ရာစီမံကိန်းကို ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ကနေဆောင်ရွက်ဖို့အတွက် စီစဉ်နေပါတယ်။ အငှားချအိမ်ရာဆိုတာကတော့ အိမ်လခပဲပေးရပြီး ယာယီဖြည့်ဆည်းပေးတဲ့သဘောပါ။ အငှားချအိမ်ရာမှာနေပြီး ဝင်ငွေစုဆောင်းမိလာတဲ့အခါ တန်ဖိုးနည်းအိမ်ရာကို အရစ်ကျဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတာပါ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ လုပ်ပေးပါတယ်။

အမျိုးသားအဆင့် အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည့် မြို့/ရွာအိုးအိမ် ညွှန်ကြားရေးမှူး ဒေါ်မီမီတင်ကိုလည်း မေးမြန်းခဲ့သည်။

**မေး။ ဘာကြောင့် ဒီအကြောင်းအရာကို ဆွေးနွေးတင်ပြခဲ့တာပါလဲ။**

ဖြေ။ အမျိုးသားအဆင့် အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒမှာ အိမ်ရာစီမံကိန်းတွေအတွက် မြို့ပြအရန်မြေထားရှိဖို့အရေး ဘယ်လိုနည်းလမ်းတွေ ချမှတ်ဆောင်ရွက်သွားမလဲဆိုတာပေါ့။ မြို့ပြအိမ်ရာစီမံကိန်းတစ်ခုမှာ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေးစတာတွေကို ထည့်သွင်းရေးဆွဲဖို့ပါ။ နောင်အခါမှာ မရှိမဖြစ်ရအောင်ကြိုတင်ရေးဆွဲထားဖို့ပါ။ တိုးလာမယ့် လူဦးရေအတွက်လည်း ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရတွေက ပုဂ္ဂလိကနဲ့ ပူးပေါင်းပြီး မြေတွေကို ကြိုဝယ်ထားပြီး နောင်အခါအတွက် အသုံးချစေချင်လို့ဆွေးနွေးခဲ့တာပါ။

မြို့ပြစီမံကိန်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည့် မြို့/ရွာအိုးအိမ် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းသွယ်ကိုလည်း မေးမြန်းခဲ့သည်။

**မေး။ ဆွေးနွေးခဲ့တဲ့ ခေါင်းစဉ်အကျဉ်းချုပ်လေး ပြောပြပေးပါလား။**

ဖြေ။ မြို့ပြစီမံကိန်းနဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဘယ်လိုဆက်နွှယ်နေတယ်ဆိုတာကို ဆွေးနွေးတာပါ။ အခြေခံအဆောက်အအုံ ခန့်မှန်းတော့မယ်ဆိုရင် မြို့တစ်မြို့မှာ လူဦးရေကဘယ်လောက်လဲ၊ ရေ၊ မီးတွေကို ဘယ်လိုအသုံးချမလဲဆိုတာကို ဆွေးနွေးတာပါ။ နောက်တစ်ခုက မြို့တစ်မြို့မှာ အလားအလာတွေရှိပါတယ်။ အားနည်းချက်တွေ အားသာချက်တွေရှိပါတယ်။ တစ်မြို့နဲ့ တစ်မြို့ အခြေခံအဆောက်အအုံတွေက တူမှာမဟုတ်ပါဘူး။ ဒီခြားနားချက်တွေအပေါ် အခြေခံပြီး ဘယ်လိုအခြေခံအဆောက်အအုံတွေကို တည်ဆောက်သွားမလဲဆိုတာကို ဆွေးနွေးတင်ပြထားတာပါ။ နောက်တစ်ခုက မြို့တိုင်းမှာ အခြေခံအဆောက်အအုံ လိုအပ်ချက်ကတော့ရှိနေမှာပါ။ ဒါပေမယ့် ဘယ်ဟာကို ဦးစားပေးတည်ဆောက်သွားမလဲဆိုတာကို အကြံပြုဆွေးနွေးတင်ပြထားတာပါ။ ။

ဥတုရာသီ
တောကိုမှီ၍

"ဗုဒ္ဓဂယာ ဘုရားဖူးသွားကြမည်ဆိုလျှင် မေသူမောင် နှင့် သွားကြပါစို့"
"မေသူမောင်" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ၂၀၁၄ - ၂၀၁၅ ခရီးစဉ်
Nov- 30/ Dec-17/ Jan-04, 25/ Feb-8,25/ Mar-15, 22/ Apr-12
၇ ည အိပ် ၈ ရက် ခရီးစဉ် Dec-24/ Apr-12
25-1-2015 ခရီးစဉ်တွင် အထူးအစီအစဉ်ရှိပါသည်။
လိုက်ပါလိုသည့် ခရီးစဉ်နှင့် နေ့ရက်ကို ရွေးချယ်ပြီး ကြိုတင်စာရင်းပေးသွင်းထားနိုင်ပါသည်။
ဆက်သွယ်ရန်ရုံးချုပ် - အမှတ်(C/၁၁၀)၊ Highway Complex၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၅၀၁၂၄၇၀၊ ၀၉ - ၇၃၂၄၁၆၈၇၊ ၀၉ - ၇၃၁၅၄၃၆၁၊ ၀၉ - ၇၃၁၅၇၃၆၃။
မန္တလေးဖုန်း - ၀၂ - ၇၆၀၂၄၊ ၀၉ - ၄၄၄၀၃၀၂၇၀။

သချာအောင်သင်း ကျော် ဝင်ခွင့်
ရာထူးဝန်အဖွဲ့မှခေါ်သောရာထူးဝင်အားလုံး
လ/ထဆရာဝန်၊ဧထွေအုပ်၊အမျိုးသားစီမံကိန်း
ပုံမှန်နှင့်အနီးကပ်သင်တန်းများဖွင့်ပြီ၊
အ ထူး ထုတ် စာ အုပ် ဝယ် ရန် ဦးအောင်ဝင်း၁၂/တမန(နိုင်)၀၃၅၁၃၂
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၂၀၉)၊ ပထပ် (ယာ) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နီလာဝင်း (၁၂/ပဇတ (နိုင်) ၀၃၃၆၇၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။
အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်နီလာဝင်း (၁၂/ပဇတ (နိုင်) ၀၃၃၆၇၉ ) က တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ထိုတိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါတိုက်ခန်းအားလွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်စသည့်လုပ်ပိုင်ခွင့်များကို အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်းမရှိပါကြောင်း နှင့် ၎င်း၏ တရားဝင်သဘောတူညီချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန် အများသိစေရန် သတိပေးထားမြစ်အပ်ပါသည်။ အဆိုပါတိုက်ခန်းကို ဝယ်ယူခဲ့ပါကလည်း ဝယ်ယူသူ၏တာဝန်သာဖြစ်ပါသည်။ ဒေါ်ခင်နီလာဝင်း၏ ခွင့်ပြုချက်မရဘဲ အရောင်းအဝယ်ပြုလုပ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးစိုင် LL.B,D.B.L,D.A Psy အထက်တန်းရှေ့နေ (စဉ်-၃၃၄၄၀)
ဒေါ်ဇင်မီသင်း LL.B,D.B.L,D.I.L, MA (Business Law ) အထက်တန်းရှေ့နေ (စဉ်-၃၄၀၉၀)
အမှတ်-၃၆၊ (ပ) ထပ်၊ ၅၄ (အောက်) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၄၂၁၀၈၆၉၇၇

မှခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့ မှုခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(I/34)ယနေ့ထွက်ပြီ
Ph-01-397164, 297297
ရွှေပြည်သာမှာ သဲကျောက်လုပ်ငန်းရှင်လင်မယားကို အချိန်မတော်အိမ်ပေါ်တက်လုယက်သူတစ်စုကိုဖမ်းလိုက်ပြီ ရဲတပ်ဖွဲ့ဝင်များကိုပြန်လည်ခုခံတဲ့လူဆိုးဂိုဏ်းများကိုဖမ်းဆီးရမိတဲ့ဖြစ်ရပ် ဘဏ်မှ ငွေကျပ်(၆၅)သိန်းထုတ်ယူလာသူညီအစ်မ(၂)ဦးထံမှငွေထုပ်လုယက် အိမ်ရှင်ကိုသတ်ပြီးထွက်ပြေးသူကို(၃)နာရီအတွင်းဖမ်းဆီးရမိ ကြေးခေါင်းလောင်းကို ခိုးယူသယ်ဆောင်လာသူ(၆)ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးရမိတဲ့ဖြစ်ရပ် လေဖြတ်ပြီး အိပ်ရာထဲကမထနိုင်တဲ့မိခင်ကို အရက်ဖိုးမပေးလို့ထိုးကြိတ်ရိုက်နှက်ရာမှမိခင်သေဆုံး ဆယ်ကျော်သက်အရွယ်လေးကို အတင်းအဓမ္မပြက်ရာပြုကျင့်သူကို မိနစ်(၄၀)အတွင်းဖမ်းမိတဲ့ဖြစ်ရပ် ကြိုးဆွဲချသေဆုံးသွားတဲ့အိမ်ဖော်လေးရဲ့ဖြစ်ရပ် ထင်ယောင်ထင်မှားသားမယားလိုဆက်ဆံသွားသူက မတော်းပန်လို့အမှုဖွင့်တဲ့ဖြစ်ရပ် လင်မယား အချင်းများရာမှ လင်ကဓားနဲ့ထိုးလို့မယားသေဆုံးသွားတဲ့ဖြစ်ရပ် အရွယ်မရောက်သူလေးကို ခေါ်ပေးသူကတစ်ယောက် အဓမ္မကျင့်သူကနှစ်ယောက် ပထွေးက ခင်ပွန်းကိုဓားနဲ့ခုတ်လို့ ဇနီးက အမှုဖွင့်တဲ့ဖြစ်ရပ် ... စတဲ့သတင်းများနဲ့အတူ ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။

အာ ရှ န ဂါး Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008 707062, 09-861-7770

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383


ပကတိ သတင်းကိုပြည်သူထံမျှဝေပေးသည့် သတင်းဂျာနယ်
ဖိုးသောကြာ(ခေတ်+မိုး)၊ တက္ကသိုလ်စိန်တင်၊ အောင်ချိန်ဘွား၊ ဆူးငှက်၊ ဆောင်းဝင်းလတ်၊ မင်းမြတ်စံ၊ စည်သူငြိမ်း၊ မင်းချစ်နိုင်၊ ကိုမျိုး(မြန်မာစာ)...တို့၏ အတွေးအရေး Reality သတင်းဂျာနယ်မိုင်းတော်သားများ၏ သတင်းဦး သတင်းထူးများဖြင့်...
ဗိုလ်ချုပ်ရာပြည့် အမှတ်တရ ၂၀၁၅ပြက္ခဒိန် လက်ဆောင်ပါသည်။
ပကတိ သတင်းဂျာနယ် Reality NEWS JOURNAL
ဖုန်း - ၀၁ ၃၈၄၃၃၃၉၊ ၃၈၄၃၄၀၊ ၃၈၄၇၄၈
အပတ်စဉ် သောကြာနေ့တိုင်း ထွက်ပြီ

အာရုံကြောအားနည်း မှတ်ဉာဏ်အားနည်း အိပ်မပျော် မူးဝေ လေငန်းရောဂါများအတွက် ...
လူ တိုင်း ကျန်း မာ ဇွဲရတနာ အာရုံကြောဆေး
အာရုံကြောအားနည်းခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ ထုံကျဉ်ခြင်း၊ လေးလံခြင်း၊ လေငန်းရောဂါဖြစ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးအားနည်းခြင်းများတွင် သောက်သုံးနိုင်ပါသည်။
ပင်ရင်း - ဇွဲရတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး နှင့် ဆေးကုခန်း
အမှတ် (၇၃)၊ သမိန်ပရမ်းလမ်း၊ တာမွေပလာဇာရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph : 430380 , 551798 , 09 5039651, 09 5191961

## ပြည်တွင်းရေးရာ

# စစ်ကားတစ်ကားကို ရိုက်ကူးတော့မယ်ဆိုရင် . . .

### စန်းမြင့်(အမိမြေ)

၁၆-၁၁-၂၀၁၄ ရက်ည မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်သော "ကွန်းလုံရက် ၄၀ တိုက်ပွဲရုပ်ရှင်ဇာတ်ကား တွေ့ဆုံမေးမြန်းခန်း"ကို ကျွန်တော်ကြည့်ရှုပါသည်။ ထိုတွေ့ဆုံမေးမြန်းခန်းမှ စစ်သည်များရှေ့တန်းစစ်ဆင်ရေးမထွက်မီရိုက်ကူးသည့် တွေ့ဆုံမေးမြန်းခန်းကို ကြည့်ရှုပြီးနောက် ကျွန်တော်ယခုဆောင်းပါးကိုရေးရန် ဆုံးဖြတ်ချက်ချမိသည်။

လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က နာမည်ကြီးလူကြိုက်များပြီး စစ်သဘာဝကျကျ စစ်နည်းဗျူဟာမြောက်ဖြစ်ရပ်မှန်ကို နောက်ခံထားပြီး ဒါရိုက်တာစိန်ဖေတင်(ကွယ်လွန်)ရိုက်ကူးခဲ့သည့် "အမိမြေမှသားကောင်းများ" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးရာမှာ စစ်ဘက်ဒါရိုက်တာကြီးကြပ်ထုတ်လုပ်သူအဖြစ် ကျွန်တော် ဗိုလ်မှူး စန်းမြင့်(အငြိမ်းစား) က တာဝန်ယူရိုက်ကူးခဲ့ပါသည်။

ယနေ့ထက်တိုင် ဂုဏ်ယူစွာထုတ်လွှင့်နေသော တပ်မတော်ဂုဏ်ပြုဇာတ်ကား တစ်ကားဖြစ်ပါသည်။ ရုပ်ရှင်ဇာတ်ကားအား အစမှအဆုံး အခန်းကဏ္ဍအားလုံးတွင် ကျွန်တော်နှင့် ဒါရိုက်တာ စိန်ဖေတင်တို့ ညှိနှိုင်းရိုက်ကူးခဲ့ကြပါသည်။ ပဏ္ဍာမတေးမှစ၍ တပ်မတော်အတွက် အရေးပါသော စကားပြောစာသားများအားလုံးကို လေ့ကျင့်ရေးညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်မှုဖြင့် ကျွန်တော်ရေးသားခဲ့ပါသည်။

"အမိမြေမှ သားကောင်းများ"ရုပ်ရှင်ဇာတ်ကားရိုက်ကူးခဲ့ပုံများကို အစမှအဆုံး ပီပြင်စွာဖော်ပြနိုင်သော အသက်ရှင်လျက်ရှိသူမှာ ကျွန်တော်တစ်ဦးတည်းသာရှိသဖြင့် တပ်မတော်အတွက် မော်ကွန်းဝင်ဇာတ်ကား တစ်ကားကို မည်ကဲ့သို့ရိုက်ကူးခဲ့ရသည်ကို မှတ်တမ်းကျန်ရှိစေရန်ရည်သန်၍ "အမိမြေမှ သားကောင်းများနှင့် ကျွန်တော်"ဟူသော စာအုပ်တစ်အုပ်ကို ကျွန်တော်ရေးသားထုတ်ဝေခဲ့ပြီး ရုပ်ရှင်အစည်းအရုံး တာဝန်ရှိသူများထံသို့လည်း ပေးပို့ခဲ့ပါသည်။ စစ်ကားတစ်ကားကို အခြေအနေအချိန်အခါနှင့်အညီ သဘာဝကျကျပီပြင်စေရန် မည်ကဲ့သို့အချိန်ယူပြင်ဆင်ရပြီး မည်ကဲ့သို့ခက်ခက်ခဲခဲ ရိုက်ကူးခဲ့ရသည့်စစ်ဇာတ်ကားကို သဘာဝကျကျဖြစ်စေရန်နှင့် ကြည့်ရှုသူတပ်မတော်အရာရှိများက ပျော့ကွက်ဟာကွက်များကိုထောက်ပြခြင်း မခံရရန်လည်း စစ်ဘက်ဒါရိုက်တာအနေဖြင့် ကိုယ်တိုင်ကြပ်မတ်လမ်းညွှန်ခဲ့ရသည်။ ကျည်အစစ်အမှန်များ၊ လက်နက်ကြီးများ၊ ဗုံးဖောက်ခွဲမှုများကို အသုံးပြုရသဖြင့် ရိုက်ကူးသော သရုပ်ဆောင်စစ်သည်များ၏ ဘေးကင်းလုံခြုံရေးအတွက်လည်း ကိုယ်တိုင်ချိန်တွယ်ပစ်ခတ်ညွှန်ကြား၍ ထိခိုက်မှုမရှိအောင် ထိန်းသိမ်းခဲ့ရပါသည်။ တပ်မတော်၏ စည်းကမ်းကျနမှု၊ စစ်မြေပြင် နေထိုင်မှု၊ တိုက်ပွဲဝင်မှုများနှင့်ပတ်သက်၍ အံ့မဝင်လွဲမှားသောအချက်များကို စစ်ဇာတ်ကားဖြင့် နာမည်ကျော်ကြားခဲ့သော ဒါရိုက်တာစိန်ဖေတင်နှင့် ကျွန်တော်တို့ရိုက်ကွင်းတွင် သဘောကွဲလွဲ၍ ပြန်လည်ညှိနှိုင်း ရိုက်ကူးခဲ့ရသည်လည်းရှိပါသည်။

ယခုကွန်းလုံရက် ၄၀ တိုက်ပွဲကြီးမှာ တပ်မတော်အတွက် သမိုင်းဝင်သော နိုင်ငံတော်နှင့် တပ်မတော်အတွက် အဆုံးအဖြတ်ပေးခဲ့သော အလွန်အရေးပါသည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်သည်။ ထိုတိုက်ပွဲကြီးနှင့်ပတ်သက်၍ တိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသော တပ်မတော်အရာရှိကြီးများကလည်း စာအုပ်တစ်အုပ်ရေးသားထုတ်ဝေပြီးဖြစ်ပါသည်။ ယခုလို တိုက်ပွဲကြီးကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးတော့မည်ဖြစ်၍ ကျွန်တော်တို့ တပ်မတော်သားများအတွက် လွန်စွာဂုဏ်ယူဖွယ် မှတ်တမ်းတင်ရမည့် ဇာတ်ကား တစ်ကားဖြစ်ပေသည်။ သို့ဖြစ်၍ ထိုဇာတ်ကားတွင် တိုက်ပွဲ၏ဖြစ်ရပ်မှန်ကို ပီပြင်စွာဖော်ပြနိုင်မှု၊ စစ်ကားသဘာကျကျရိုက်ကူးနိုင်မှု၊ သရုပ်ဆောင်များ၏ သဘာဝကျစွာဝတ်စားဆင်ယင်မှု၊ ပြောဆိုလှုပ်ရှားမှု၊ နေထိုင်မှု၊ ခံစစ်တိုက်ပွဲကြီးဖြစ်၍ ခံစစ်စခန်းများတွင် ပစ်ကျင်း၊ ခေါင်းကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ၊ ခြံစည်းရိုးအတားအဆီးများ၊ မိုင်းကွင်းများနှင့်လက်နက်ကြီး၊ လက်နက်ငယ်စသည်တို့ နေရာချထားပုံများသည် စစ်နည်းဗျူဟာမြောက်ဖြစ်ကြသည်ဖြစ်သည့်အပြင် ရန်သူအလုံးအရင်းတို့၏ ပြင်းထန်သော ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တပ်မတော်အရာရှိစစ်သည်များ၏ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ကြပုံများ၊ ပစ်ခတ်ကြပုံများ၊ အသက်ပေးခုခံကြပုံများကို ပီပြင်စွာရိုက်ကူးတင်ပြနိုင်သည်နှင့်အမျှ တပ်မတော်အတွက် ဂုဏ်ယူဖွယ်ကောင်းသော ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်လာမည်။ သို့မဟုတ်ပါက စင်ပေါ်တင်ပေး၍ ထင်ပေါ်လာသည့် ဇာတ်ကားတစ်ကားသာ ဖြစ်မည်ဖြစ်ပါသည်။

ယခုအခါတွင် တပ်မတော်နှင့်ပတ်သက်ပြီး ရိုက်ကူးထုတ်လုပ်နေကြသော ရုပ်ရှင်၊ ဗွီဒီယိုဇာတ်ကားများတွင် စစ်သဘာဝမကျ၊ မှန်ကန်ပီပြင်မှုမရှိသော ရိုက်ကူးမှုများ မြင်တွေ့နေကြသည်။ ဥပမာ ဂျပန်တော်လှန်ရေး ဇာတ်ကားတစ်ကားတွင် အကယ်ဒမီသရုပ်ဆောင် ဒါရိုက်တာကြီး ကိုယ်တိုင် ဂျပန်ခေတ်ကမထုတ်လုပ်ရသေးသော သေနတ်ကြီးကို ကိုယ်တိုင်ကိုင်၍ ဇာတ်ကားတစ်ကားလုံး ကိုင်တွယ်ပစ်ခတ်ပြသခဲ့ပါသည်။ ရုပ်ရှင်ဖြစ်၍ ပရိသတ်ကြည့်ကောင်းအောင်ရိုက်ပြ၍မရပါ။ မှန်ကန်မှု၊ သဘာဝကျမှု လိုအပ်ပါသည် သို့မှသာ တန်ဖိုးမြင့်မားသော ရုပ်ရှင်အဆင့်သို့ ရောက်မည်။

ယခုကွန်းလုံရက် ၄၀ တိုက်ပွဲကြီးဇာတ်ကားကို စတင်ရိုက်ကူးသည့် တွေ့ဆုံမေးမြန်းခန်းတွင်ပင်လျှင် သဘာဝမကျ မှန်ကန်မှုမရှိ လွဲချော်နေသည်များကို စတင်မြင်တွေ့ရသည်။ တွေ့ဆုံမေးမြန်းခန်းတွင် ရှေ့တန်းထွက်မည့် စစ်သည်များ၏ စစ်ဝတ်စုံများမှာ လွန်စွာတောက်ပြောင်နေသော စစ်ဝတ်စုံအသစ်များကို ဝတ်စားဆင်ယင်ထားသဖြင့် ရှေ့တန်းစစ်သည်များ၏ဝတ်စားဆင်ယင်ခဲ့ကြသည့်များနှင့် ကွဲပြားသဘာဝမကျခြင်း၊ စစ်သည်များဝတ်စားထားသော ချပ်ဝတ်တန်ဆာများမှာလည်း အသစ်ကျပ်ချွတ်ဖြစ်နေသည်သာမက လွန်စွာပေါ့ပါးနေပြီး ယမ်းအိတ်များမှာလည်း ကွန်းလုံရက် ၄၀ တိုက်ပွဲခေတ်ယမ်းအိတ်များမဟုတ်ခြင်း စသည်ဖြင့် လွဲမှားနေပါသည်။ သူ့အချိန်အခါ၊ သူ့အခြေအနေကရှိခဲ့သော ဝတ်စားဆင်ယင်မှုမျိုးသာဖြစ်ရပါမည်။ ယခု စတင်ရိုက်ကူးသည့် အပိုင်းကပင်လျှင် သဘာဝမကျ မှားယွင်းနေလျှင် နောက်ထပ်ရိုက်ကူးရမည့် များစွာသော ရိုက်ကွက်များတွင် ဆိုဖွယ်ရာမရှိ မှားယွင်းမှု၊ သဘာဝမကျမှု တစ်ပုံတစ်ပင်ဖြစ်နိုင်ပါသည်။ ပြစ်တင်ဝေဖန်နေခြင်းဟု မယူဆဘဲ မှားယွင်းမှုမရှိအောင် ဆင်ခြင်နိုင်ရန်ကြိုတင် အသိပေးခြင်းသာဖြစ်ပါသည်။ ထိုတိုက်ပွဲကြီးတွင် ထဲထဲဝင်ဝင် ကိုယ်တိုင်ပါဝင်ပြီး စေ့စပ်သေချာသော တပ်မတော်အရာရှိတစ်ဦးက စစ်ဘက်ဒါရိုက်တာအဖြစ် ကြပ်မတ်ပါဝင် ရိုက်ကူးသင့်ပါကြောင်း။ ။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်ထည်ဖော်

**ခရမ်း နိုဝင်ဘာ ၂၁** ။ ။ ခရမ်းမြို့နယ် အုန်းပင်ကျေးရွာတွင် ဝင်ငွေနည်းပါးသည့် မိသားစုများအား လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်ထည်ဖော်မှုအနေဖြင့် အရင်းမပျောက်မတည် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၀ ရက်က ကျေးရွာအရောက် ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရမ်းမြို့နယ်ကျေးလက်)**


UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 22,29 / Dec: 6,13,20,27 (300,000)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Nov: 29 / Dec: 13,27 (400,000)
ဥရောပ (10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
ဩစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် နူဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079



Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

| | |
|---|---|
| **Basic Spoken English** | |
| Sat & Sun - 12:30-3:30 pm | 8,22 Nov |
| Mon to Thurs-7:30-9:30am | 10 Nov |
| Sat & Sun - 9:00-12:00 am | 15 Nov |
| Mon to Thurs 1:00-3:00-5:00pm | 17,24 Nov |
| Mon to Thurs-10:00-12:00am | 24 Nov |
| Mon to Thurs-5:30-7:00pm | 24 Nov |
| **Pre-Intermediate English** | |
| Mon to Thurs-10:30-12:30 am | 17 Nov |
| Mon to Thurs-7:30-9:30am | 17 Nov |
| Sat & Sun - 12:30-3:30 pm | 22 Nov |
| Mon to Thurs-5:00-7:00pm | 24 Nov |
| Mon to Thurs-10:00-12:00am | 1 Dec |
| **Grammar Foundation Course** | |
| Mon to Thurs - 1:00-2:30 pm | 17 Nov |
| Mon to Thurs - 7:30-9:30 am | 24 Nov |
| **Intermediate English** | |
| Mon to Thurs-1:00-3:00 pm | 10 Nov |
| **Vocabulary Enrichment Course** | |
| Mon to Thurs - 3:30-5:00 pm | 24 Nov |
| **Structure & Written Expression** | |
| Sat & Sun - 7:30-10:00 am | 15 Nov |
| Mon to Thurs-1:00-3:00 pm | 17 Nov |
| Sat & Sun - 9:00-12:00 am | 22 Nov |
| Mon to Thurs-4:00-5:30-7:00 pm | 17 Nov |
| **Basic Writing Course** | |
| San & Sun - 9:00 - 12:00 am | 22 Nov |
| San & Sun - 12:30 - 3:30 pm | 22 Nov |
| Mon to Thurs - 10:00 - 12:00am | 24 Nov |

TOEFL,SAT,IELTS,API,AWC
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်စာသင်သားများအတွက်
အပြတ် ၁၀၀၀၀၀ ကျပ်
EXAM SPECIAL CLASS (သိပ္ပံ၊ ဝိပ္ပံ)
၃ လပြတ် (ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ)
Study Guide
Exam Guide (A,B,C,D,E)
Repeater
ဆက်သွယ်ရန်
Nyein Center
Nyein လှည်းတန်း



အလုပ်အကိုင်ရှာဖွေ JOB seekers ဂျော့ဆီကား
Hot Line : 01 510313
www.myanmarjobseekers.com,
www.facebook.com/myanmarjobseekers



Topsyne®
မိတ်ကပ်သား၏ အရည်အသွေး ပြောင်းလဲမှုမရှိပါ။
(ယခင်) (ယခု)


Medicated Cream
ကော်ဘူး အဖြူ
Herbal Cream
ငွေရောင်ဘူး
Apple Production Co.,Ltd:
Yangon - (01) 581886, 581844, 581391, 09 8618081.
Mandalay - 09 5020489, (02) 5152320,5152321

ပရီမီယာလိဂ်ပွဲစဉ် ၁၂ ကို နိုဝင်ဘာ ၂၂၊ ၂၃၊ ၂၅ ရက်တွေမှာ ကျင်းပဖို့ရှိတယ်။ အဲဒီပွဲစဉ်မှာ အာဆင်နယ်က မန်ယူနဲ့ဆုံမယ်။ အာဆင်နယ်အနေနဲ့ ၂၀၁၁ ခုနှစ် ဩဂုတ်လကတည်းက မန်ယူကို မနိုင်ခဲ့တာဆိုတော့ ဒီတစ်ကြိမ်ပြန်လည်ဆုံတွေ့မှုမှာ အာဆင်နယ်အနိုင်ရယူနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်။

# ပရီမီယာလိဂ်ရင် ခုန်သံ – ၁၂

ရှိုင်းမင်းမင်း

### ချယ်လ်ဆီး-ဝက်စ်ဘရွန်း ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိတယ်။ အဲဒါအပြင် ချန်ပီယံလိဂ်ဟာ ချယ်လ်ဆီးအတွက် အမှားခံတဲ့အခြေအနေ မဟုတ်သေးဘူး။ ဒီတော့ ချယ်လ်ဆီးခြေကုန်ထုတ်ပါ့မလား။ သတိပြုဖို့လိုတာက ဝက်စ်ဘရွန်းပဲ အဝေးကွင်းမှာ သုံးဂိုးသာရတားတဲ့ ဝက်စ်ဘရွန်းတိုက်စစ်အားအရ ချယ်လ်ဆီးဘယ်နှဂိုးသွင်းမလဲ စောင့်ကြည့်ရမယ်။

### အဲဗာတန်-ဝက်စ်ဟမ်း ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

ဝက်စ်ဟမ်းခြေက လျှော့တွက်ဖို့ခက်လွန်းတယ်။ ပုံမှန်နီးပါးဂိုးသွင်းခြေရနေတဲ့ တိုက်စစ်က အဲဗာတန်ကို ကောင်းကောင်းတုံ့ပြန်နိုင်မယ်။ အဓိကကတော့ အဲဗာတန်ဟာ ယူရိုပါလိဂ်ရှိတယ်။ အဲဒီမှာလည်း အမှားမခံသေးသလို တစ်သင်းလုံးရဲ့ အာရုံကလည်း အဲဒီဘက်ပိုရောက်နေတယ်။ အမှတ်ခွဲယူကြမလား။ စောင့်ကြည့်ရမယ်။

### လက်စတာ-ဆန်းဒါးလန်း ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

လက်ရှိအနေအထားအရဆိုရင်တော့ လက်စတာထက် ဆန်းဒါးလန်းက ပိုပြီးငြိမ်တယ်။ နောက်ဆုံးလေးပွဲဆက်တိုက်ဂိုးမသွင်းနိုင်တဲ့ လက်စတာတိုက်စစ်က အားရစရာမရှိဘူး။ ဒါပေမယ့် အဝေးကွင်းမှာဆိုရန် ဂိုးပေးရမှုမြင့်မားတတ်တဲ့ ဆန်းဒါးလန်းရဲ့အခြေအနေ၊ လက်စတာရဲ့ဖိအားအောက်က ရုန်းထွက်လိုမှုက အိမ်ရှင်မရှုံးလောက်ဘူး။

### မန်စီးတီး-ဆွမ်ဆီး ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

မန်စီးတီးအတွက် ချန်ပီယံလိဂ်မှာ မနိုင်မဖြစ် ကစားရတော့မယ့် အခြေအနေရောက်နေတာကို မေ့လို့မဖြစ်ဘူး။ အဲဒီအတွက် ပရီမီယာလိဂ်ကို အာရုံစူးစိုက်မှုလျော့နိုင်သလို ဆွမ်ဆီးလည်း အခွင့်အရေးရမယ်။ ဆွမ်ဆီးက အဝေးကွင်းမှာ ခြေကျတတ်ပေမယ့် အာရုံများနေမယ့် မန်စီးတီးကို သရေခံကစားသွားနိုင်တယ်ဆိုတာကို သတိပြုရမယ်။

### နယူးကာဆယ်-ကျူပီအာ ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

ကျူပီအာရဲ့ ရုန်းအားက ကောင်းလာတယ်။ ဒါပေမယ့် အဝေးကွင်းငါးပွဲမှာ ငါးပွဲလုံးရှုံးပြီး နှစ်ဂိုးသရေရထားတဲ့စွမ်းဆောင်မှုက ကျေနပ်စရာမရှိဘူး။ နယူးကာဆယ်က အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးသလို လေးပွဲဆက်အနိုင်နဲ့ ခြေကအကောင်းဆုံးပုံစံရောက်နေတယ်။ ကျူပီအာ အမှတ်ရဖို့ခက်တာ သတိပြုရမယ်။

### စတုတ်-ဘန်လေ ည ၉း၃၀ (၂၂-၁၁-၂၀၁၄)

အောက်ဆုံးက ဘန်လေက ခြေအတော်လေးယိမ်းယိမ်းယိုင်ယိုင်ရှိတယ်။ ပွဲစဉ် (၁၁) ကျမှ ပထမဆုံးနိုင်ပွဲရတယ်။ အထူးသဖြင့် တစ်ပွဲတစ်ဂိုးလောက်ရဖို့ ရုန်းကန်နေရတဲ့ တိုက်စစ်ကအားနည်းလွန်းပါတယ်။ စတုတ်က ခြေမငြိမ်တာတောင် အိမ်ကွင်းဖြစ်တယ်။ စတုတ်အနိုင် သံသယဖြစ်စရာမလိုဘူး။

### အာဆင်နယ်-မန်ယူ နံနက် ၀၀း၀၀ (၂၃-၁၁-၂၀၁၄)

နှစ်သင်းစလုံးခြေမငြိမ်ဘူး။ မန်ယူမှာ ဒီဂီယာအပါအဝင် ခံစစ်ဇုန်တစ်ခုလုံး ဒဏ်ရာပြဿနာရှိနေတယ်။ ဒါပေမယ့် ဖယ်ကာအိုပြန်လာဖို့ရှိတဲ့အပြင် အာဆင်နယ်ကလည်း ချန်ပီယံလိဂ်မှာ အမှားမခံတဲ့ အချိန်ရောက်နေသလို ကွင်းလယ်ခံစစ်အားပျော့နေတယ်။ ဒီပွဲလည်း အာဆင်နယ်မနိုင်လောက်ဘူးထင်တယ်။



နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်းရှိ အားကစားဝန်ကြီးဌာန အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေး)ပြခန်းသို့ နိုဝင်ဘာ ၂၀ ရက် ညပိုင်းက အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ အုပ်ချုပ်သူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၅၀ တို့ လာရောက်လေ့လာကြည့်ရှုစဉ်။ [မောင်မောင်ဇော်]

## ဆွစ်ဇာလန်နောက်ခံလူ ရှာကာကို အာဆင်နယ်ပစ်မှတ်ထား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ခံစစ်ကို အားဖြည့်ရန်အတွက် ဘေဆယ်အသင်း၏ ဆွစ်ဇာလန်လက်ရွေးစင်နောက်ခံလူ ဖေဘီယန်ရှာကာကိုခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း ထိပ်တန်းအဆင့်ရှိနောက်ခံလူတစ်ဦးကိုမဖြစ်မနေခေါ်ယူသွားရန် ပြင်ဆင်လျက်ရှိပြီး အသက်(၂၂)နှစ်အရွယ်ရှိ ဆွစ်ဇာလန်နောက်ခံလူ ရှာကာကိုပစ်မှတ်ထားလာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ရှာကာအား ဥရောပထိပ်သီးကလပ်များဖြစ်ကြသည့် ဒေါ့မွန်၊ ဂျူဗင်တပ်စ်၊ အေစီမီလန် စသည့်အသင်းများကလည်း ခေါ်ယူရန် အပြိုင်စိတ်ဝင်စားနေပြီး အာဆင်နယ်အသင်းအနေဖြင့် ၎င်းအားကြိုတင်လက်ဦးမှုရယူကာ ခေါ်ယူသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ DailyMail ကဖော်ပြခဲ့သည်။

ရှာကာမှာ ပြီးခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွစ်ဇာလန်အသင်းနှင့် ခြေစွမ်းပြသကစားခဲ့သူဖြစ်ပြီး ၎င်း၏ မိခင်ကလပ်ဘေဆယ်အသင်းတွင်လည်း ၉၂ ပွဲပါဝင်ကစားကာ ၁၅ ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ထို့ပြင် ကစားသမား ကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခွင့်ရရှိပါက ကြီးမားသည့်အခွင့်အရေးတစ်ခုဖြစ်ပြီး ပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း ရှာကာအားအသင်းသို့ အရောက်ခေါ်ယူနိုင်ရန် ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိပြီး သဘောတူညီမှုရရှိခဲ့ပါက မကြာမီရက်ပိုင်းအတွင်း ဘေဆယ်အသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သိရသည်။ [ကိုရဲ]

## နိုဝင်ဘာ ၂၂/၂၃ ရက်နေ့ ဥရောပလိဂ်ပွဲစဉ်များ

### ပရီမီယာလိဂ် ပွဲစဉ် - ၁၂

| | | | |
|---|---|---|---|
| ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| အဲဗာတန် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| လက်စတာ | - | ဆန်းဒါးလန်း | ည ၉း၃၀ |
| မန်စီးတီး | - | ဆွမ်ဆီး | ည ၉း၃၀ |
| နယူးကာဆယ် | - | ကျူပီအာ | ည ၉း၃၀ |
| စတုတ်စီးတီး | - | ဘန်လေ | ည ၉း၃၀ |
| အာဆင်နယ် | - | မန်ယူ | ည ၁၂း၀၀ |

### အီတလီစီးရီးအေ ပွဲစဉ် - ၁၂

| | | | |
|---|---|---|---|
| အတ္တလန္တာ | - | ရိုးမား | ည ၁၁း၃၀ |
| လာဇီယို | - | ဂျူဗင်တပ် | နံနက် ၂း၁၅ |

### စပိန်လာလီဂါ ပွဲစဉ် - ၁၂

| | | | |
|---|---|---|---|
| ဘီလ်ဘို | - | အက်စ်ပန်ညို | နံနက် ၂း၁၅ |
| အက်သလက်တီကို | - | မာလာဂါ | ည ၉း၃၀ |
| အီဘား | - | ရီးယဲလ် | ည ၁၁း၃၀ |
| ဘာစီလိုနာ | - | ဆီဗီလာ | နံနက် ၁း၃၀ |
| ဒီပို့တီဗို | - | ဆိုစီဒက် | နံနက် ၃း၃၀ |

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် - ၁၂

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဟောဖ့်ဖန်ဟိမ်း | ည ၉း၀၀ |
| မိုချင်ဂလက်ဘတ် | - | ဖရန့်ဘတ် | ည ၉း၀၀ |
| ဟန်နိုဗာ | - | လေဗာကူဆင် | ည ၉း၀၀ |
| မိန့်ဇ် | - | ဖရိုင်းဘတ် | ည ၉း၀၀ |
| ပါဒါဘွန်း | - | ဒေါ့မွန် | ည ၉း၀၀ |
| ရှော်ကေး | - | ဝုဖ်ဘတ် | ည ၉း၀၀ |
| ကိုလုံး | - | ဟာသာဘာလင် | ည ၁၂း၀၀ |

[မောင်မောင်ဇော်]

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

### ရန်ကုန်စက်မှုတက္ကသိုလ်
### (၁၉၉၃–၂၀၀၀)ခုနှစ် ဘာသာရပ်ပေါင်းစုံ
### ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ရက် ။ ။ ၂၁-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ ၂ နာရီမှ ၄ နာရီထိ
ကျင်းပမည့်နေရာ ။ ။ ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း) စုဝေးခန်းမ။
မိတ်ဆုံညစာစားပွဲ-
ကျင်းပမည့်အချိန် ။ ။ ည ၆း၀၀ နာရီမှ ၁၀း၀၀ နာရီထိ
ကျင်းပမည့်နေရာ ။ ။ Western Park Restaurant(Tamwe)
အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ တာမွေမြို့နယ်။
အလှူငွေထည့်ဝင်ရန် - (၁) ကိုဇော်မင်းဦး ဖုန်း-၀၉-၂၅၃၃၈၈၃၈၈၊ (၂) ကိုကျော်စွာမြင့် ဖုန်း-၀၉-၅၁၀၄၂၉၁၊ (၃) ကိုမင်းမင်းသန့် ဖုန်း-၀၉-၅၀၈၇၃၅၃၊ (၄) ကိုသန့်ဇင်အောင် ဖုန်း-၀၉-၅၁၂၂၀၂၅၊ (၅) မလင်းလင်း ဖုန်း-၀၉-၅၀၀၀၈၀၆၊ (၆) မခိုင်ခိုင်ဦး ဖုန်း-၀၉-၅၁၄၃၁၉၂
:Facebook.com/Y.I.T Social Network (1993-2000) (သီးခြားဖိတ်စာမပို့ပါ။)

ရွှေကြာစည် – ကျိုက်ထီးရိုး / ချောင်းသာ (ဖူးပွင့်)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ + ထမ့်စမ်းဂူ
မန္တလေး - ပြင်ဦးလွင်အနှံ့၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာအနှံ့
ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၃)ရက်၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်
ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ ဖွားလပိုတောင် (၃)ရက်၊ ဆက်၍-ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်
အပတ်စဉ် သော်ကြာ
ဖုန်းဆိုတာ ☎01-240860/01-372290 ဒေါ်ပို09-49282825 ကမာကြည်09421029191

ဒေဝတာရှင်
ထားဝယ်-ရှင်ကိုးရှင်၊ မောင်းမကန်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (အပတ်စဉ်-သော်ကြာ)
စား + တည်း ငြိမ်း
01-392704,095066657,0973017110

ရွှေနဂါး (နေ့စဉ်)
ကျိုက်ထီးရိုး- 9000
ချောင်းသာ -13000
Ph:209077, 09-73167000
209388, 09-73168000

Pleasant Times
Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (Dec:24)
ပုဂံ-ပုပ္ပါး-စွယ်တော်လေးဆူ-ပခုက္ကူ (Dec:24)
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း (Dec:24)
ထားဝယ်-ရှင်ကိုးရှင် (Flight) (Dec:25)
မော်လမြိုင်-ကျိုက်ခမီ-စက်စဲ (Nov:22,29)
ပြည်-အကောက်တောင်(နေ့ချင်းပြန်) (Nov:22,29)
သထုံ-မဲလံတောင်-ဇင်းကျိုက်(နေ့ချင်းပြန်) (Nov:22,29)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

" အမြန် ရောင်းမည် "

| | | | |
|---|---|---|---|
| ၁။ မရမ်းကုန်း၊ ပါရမီရိပ်သာ | (50x100) | 1BN | 7500L |
| ၂။ ဗဟန်း၊ ရွှေဂုံတိုင်လမ်းသန့် | (40x65) | မြေ | 6000L |
| ၃။ တ/ဥ၊ ရတနာလမ်းမပေါ် | (20x60) | မြေ | 5300L |
| ၄။ တ/ဥ၊ ပြဟ္မစိုရ်လမ်းမပေါ် | (20x60) | မြေ | 3250L |
| ၅။ မင်္ဂလာဒုံ ဥယျာဉ်အိမ်ရာ ပါမစ် | (100x100) | မြေ | 3250L |
| ၆။ သဃာက၊ နှင်းဥယျာဉ်အိမ်ရာ ပါမစ် | (30x82) | မြေ | 2750L |
| ၇။ အင်းစိန်၊ ဂျပန်လမ်းမ(ဂုတ်) | (60x60) | 1RC | 2100L |
| ၈။ ကမာရွတ်၊ ဆင်မလိုက်ဈေးနီး ပါမစ် | (25x50) | မြေ | 1800L |
| ၉။ သဃာက၊ မြယမုံ အိမ်ရာနီး ပါမစ် | (40x60) | မြေ | 1750L |
| ၁၀။ သဃာက၊ သံသုမာလမ်းကျောက်စ် | (20x60) | 2BN | 1000L |

☎ 552742, 559320 📱 09 5060940, 09 5060938




အဖိုးတန်ဂျင်စင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့်ဆံပင်နီခြင်း၊ ဆံပင် နှစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန် စေပါသည်။
နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။

ရန်ကုန် (ရုံးချုပ်) - အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၈၁၃၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄ (၀၉) ၈၆ ၁၈၀၈၁ ၊ ၄၉ ၃၁၆၄၀၈
မန္တလေး (ရုံးခွဲ) - အမှတ်(၅၀/၅၁)၊ တတ(၁၂)၊ (၈) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - (၀၂) ၅၁၅၂၃၂၀၊ ၅၁၅၂၃၂၁။


NOW OPEN
Junction Centre Mawtin ဖွင့်လှစ်ခြင်း
အမှတ်တရဂီတဖျော်ဖြေပွဲ
စည်သူလွင်၊ ဂျီလတ်၊ ဝေလ၊
ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ အိုင်းရင်းဇင်မာမြင့် နှင့်
ခင်စုစုနိုင် တို့၏ သီဆိုဖျော်ဖြေမှု
Life & Dance , Jade Dragon Dancer တို့၏ကပြဖျော်ဖြေမှု
နာမည်ကြီး အနုပညာရှင်တို့ရဲ့ ပြောက်မြားလှစွာသော သီဆိုဖျော်ဖြေတင်ဆက်မှုကို ခံစားဖို့ . . .
22nd Nov (1:00Pm ~ 7:00Pm)
MUSIC SHOW
www.facebook.com/junctionshoppingcentre
www.junctioncentregroup.com
JUNCTION CENtRE
Mawtin

# တာချီလိတ်မြို့နယ် ဝေ့လေလန်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**တာချီလိတ်၊ နိုဝင်ဘာ ၂၁**

တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု၊ ဝေ့လေလန်ကျေးရွာ မြောက်ဘက်၊ သန်းဟောင်ရပ်ကွက်၊ ဈေးလယ်လမ်းရှိ ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ မိုင်းဖုန်း(ခ)ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းနေဝန်၊ လမ်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာ ဆယ်အိမ်မှူးများနှင့် ဝေ့လေလန်ကျေးရွာမှ ဒေသခံ ရွာသူ ရွာသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါလမ်းကို ဝေ့လေလန်ကျေးရွာမှ ဒေသခံလမ်းဖြစ်မြောက်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် ဝေ့လေလန်-ဝေ့လုမြေသားလမ်းမှ ကွန်ကရစ်လမ်းအထူ ခြောက်လက်မ၊ အကျယ် ၁၀ ပေ၊ အရှည် ၁၄၂၂ ပေအား ရွာသူရွာသားများ၊ အလှူရှင်များက ကျပ်သိန်း ၁၀၀ ထည့်ဝင်ပြီး နိုဝင်ဘာ ၉ ရက်တွင် စတင်ဆောင်ရွက်ကာ နိုဝင်ဘာ ၁၈ ရက်တွင် လုပ်ငန်းပြီးစီးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝေ့လေလန်ကျေးရွာမှာ အိမ်ခြေ ၆၄၁ နဲ့ လူဦးရေ ၄၃၅၃ ကျော်ရှိပါတယ်။ ကျွန်တော်တို့ ဝေ့လေလန် ကျေးရွာနဲ့ ဝေ့လုရွာ၊ ဟိုနားရွာကရှမ်း၊ အာခါတိုင်းရင်းသားတွေ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့နဲ့ ကျမ်းမာရေး အရေးပေါ်ကိစ္စတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းတက်ကျောင်းဆင်း စက်ဘီး၊ ဆိုင်ကယ်နဲ့သွားတဲ့အခါ ခဏခဏ ချိုင့်ခွက်တွေရှောင်ရင်း မှောက်တာတွေ ထပ်မံမဖြစ်ပွားရအောင် အခုလို စုပေါင်းပြီး လမ်းတွေကို ခင်းကျင်းပြုပြင်နေရခြင်း ဖြစ်ပါတယ်"ဟု လမ်းဖြစ်မြောက်ရေးအဖွဲ့မှ ဦးကျော်ဇင်က ပြောကြားသည်။

အခမ်းအနားကို အုပ်ချုပ်ရေးမှူး ဦးစိုင်းနေဝန်၊ ဝေ့လေလန်ကျေးရွာလမ်းဖြစ်မြောက်ရေးအဖွဲ့ ဦးကျော်ဇင်၊ ဦးကျင်ရှန်၊ ဦးကျိုင်းဟွေ၊ ဦးကျိုင်းလာတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဝေ့လေလန်ကျောင်း တိုက်အုပ်ဆရာတော် အရှင်နန္ဒသာရနှင့် သံဃာတော်များမှ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ခဲ့ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

# ကလေးမြို့နယ် မြောက်ဘက်လမ်းမဖြစ်သော လမ်းဆုံမီးပွိုင့်မှ ပြည်သူ့ဆေးရုံတံတားအထိ ကတ္တရာလမ်းတိုးချဲ့ခြင်း ဆောင်ရွက်မှုပြီးစီး

**ကလေး၊ နိုဝင်ဘာ ၂၁**

ကလေးမြို့လမ်းဆုံမီးပွိုင့်မှ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်လမ်းမများ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီးဖြစ်ရာ လက်ရှိတွင် မြောက်ဘက်လမ်းမဖြစ်သော လမ်းဆုံမီးပွိုင့်မှ ပြည်သူ့ဆေးရုံတံတားအထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုသည်လည်း နိုဝင်ဘာ ၁၉ ရက်တွင် ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကတ္တရာလမ်းမသည် အကျယ်ပေ ၂၀ သာရှိရာမှ လမ်းဘေးနှစ်ဖက်ကို အကျယ်ခြောက်ပေစီ တိုးချဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်သည်။

ယခုအချိန်တွင် အဆိုပါလမ်းမသည် အကျယ် ၃၂ ပေရှိလာပြီဖြစ်သော်လည်း ပြည်သူ့ဆေးရုံ သံကူကွန်ကရစ်တံတားကြီးမှာ အကျယ် ၂၄ ပေသာရှိပြီး အလွန်ကျဉ်းမြောင်းသည့်အတွက် မကြာမီ တံတားဘေးနှစ်ဖက်ကို အကျယ် ၁၀ ပေစီ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။ လမ်းဆုံမီးပွိုင့်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက် လမ်းမများတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးခြင်းကြောင့် ယာဉ်ကြီးယာဉ်ငယ်နှင့် ပြည်သူများသွားလာရေးတွင် အဆင်ပြေချောမွေ့လာသည့်အတွက် ပြည်သူတစ်ရပ်လုံး အလွန်ဝမ်းမြောက်လျက်ရှိကြသည့်အပြင် ကလေးမြို့ လမ်းဆုံမီးပွိုင့်လမ်းမများသည်လည်း သာယာလှပလာပြီဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

# ထီးချိုင့်မြို့နယ် ဆားတွင်းကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

**ထီးချိုင့်၊ နိုဝင်ဘာ ၂၁**

ထီးချိုင့်မြို့နယ်၊ ဆားတွင်းကျေးရွာ ပြည်သူများနှင့် စေတနာရှင်အလှူရှင်တို့ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေနှင့် ဆားလင်းကျေးရွာမီးလင်းရေးကော်မတီအတွင်းရေးမှူး ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်းသိရသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကြိုင်က ဆားတွင်းကျေးရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ ဦးစိန်ကြိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်အောင်ကလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဆားလင်းကျေးရွာမီးလင်းရေးကော်မတီနာယက ဦးမောင်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ၂၄ နာရီမီးရရှိမှုကြောင့် ဆားတွင်းကျေးရွာရှိ အိမ်ခြေပေါင်း ၈၅ အိမ် လျှပ်စစ်မီးအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **လှဲလှဲနိုင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဝါစိုက်တောင်သူများအား ခေတ်မီစိုက်ပျိုးနည်းပညာများ သရုပ်ပြ

**ညောင်ဦး၊ နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းတာဝန်သုံးရပ်ဖြစ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ရေး၊ လေ့ကျင့်ပညာပေးရေး၊ အရည်အသွေးနှင့် ထွက်နှုန်းကောင်းမွန်တိုးတက်စေရေးတို့ကို ရှေးရှု၍ ဝါစိုက်တောင်သူများအား နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းသရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသရုပ်ပြပညာပေးပွဲကို အထက်ညဥ့်ကျေးရွာ ၁၃၄၂ ကွင်း တောင်သူဦးချို၏ မိုးနှောင်းချည်မျှင်ရှည်ဝါ ခေတ်မီစံပြစိုက်ပျိုးထားသော ဝါသီးနှံခင်းတွင် ဝါစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ဝါသီးနှံခင်းတွင် သစ်ထောင့်ကျေးရွာအုပ်စု၊ အောက်ညဥ့်ကျေးရွာအုပ်စုတို့မှ တောင်သူ ၁၀၀ ကျော်တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသော တောင်သူများအား ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ဝါဝါခင်က ဝါစိုက်တောင်သူများအား ဝါစိုက်တစ်ဧကလျှင် ၁၀၀၀ ပိဿာထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းများကို ရှင်းလင်းပြောပြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးဌာနမှူး ဦးလှတင်မောင်က ရွှေတောင်(၈) နှင့် ငွေချည်(၉) ဝါချည်မျှင်ရှည်ဝါတို့၏ ထူးခြားကောင်းမွန်သည့် အထွက်နှုန်းများ၊ အရည်အချင်းများ၊ သိပ္ပံနည်းကျစိုက်ပျိုးသည့်နည်းစနစ်များ၊ ပိုးမွှားအန္တရာယ်ကာကွယ်နည်းများ ရှင်းလင်းပြသပေးခဲ့ ကြောင်းသိရသည်။

**ကျော်ဌေး(ညောင်ဦး)**

"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကားဝယ်စို့"

✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။

✣ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။

✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

**Show Room(1)** - အမှတ်(၁၆၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128

**Show Room(2)** - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492

**Show Room(3)** - အမှတ်(၂၆၈ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979

**Mandalay** - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ည)၊ မြေကွက်အမှတ် (၅၈၄ ½)၊ မြေကွက်တည်နေရာ အမှတ်-(၅၈၄ ½)၊ ဧရာကျောင်းလမ်း၊ ဦးမြသန်း[အေဒီ-၀၂၇၃၇၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမြသန်း၊ မိခင် ဒေါ်သန်းကြည်တို့ ကွယ်လွန်သဖြင့် ဦးဝင်းမြင့်အောင်[၁၂/ဥကမ(နိုင်)၀၈၁၈၆၄]၊ ဦးအောင်သိန်း[၁၂/ဥကမ(နိုင်) ၀၅၇၀၂၀]၊ ဒေါ်ဝင်းဝင်းတင်[၁၂/ဥကမ(နိုင်)၀၅၇၃၅၂]၊ ဒေါ်ဝင်းဝင်းငွေ[၁၂/ဥကမ(နိုင်)၀၅၆၈၄၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန် လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၃၉၇/၁၄)ဖြင့်ရရှိသူ ဒေါ်ခင်ဖုန်း [၁၂/ဥကမ (နိုင်)၀၅၉၀၀၅]မှ ပါဝါပေးသူများသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၄၇)၊ ဦးပိုင်အမှတ်(၅၅+၅၆)၊ ၄၀×၄၁ လမ်းကြား၊ ၅၅×၅၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘွန်ကြည် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ချိန်ကြည်မှ အမွေဆက်ခံစာချုပ်ချုပ်ဆိုကာ ဂရန်ပျောက်ဆုံးခဲ့သဖြင့် အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားမှုအရ ဒေါ်ချိန်ကြည်အမည်ဖြင့် ဂရန် ထုတ်ပေးခဲ့ပြီးဖြစ်ရာ ဂရန်မိတ္တူ ဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူ ထုတ်ပေးခြင်းဖြစ်သည်။ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခု ထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်"ဟု ရေးသားထားရာ အဆိုပါ စာသားအရ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဘဏ်ချေးငွေ ထုတ်ယူခြင်းတို့ ဆောင်ရွက်၍ မရသဖြင့် စီးပွားရေးအခက်အခဲကြောင့် ၎င်းဖော်ပြပါ စာသားအားပယ်ဖျက်၍ သားရေဖုံး ထုတ်ပေးပါရန် ဒေါ်ချိန်ကြည်[၁၂/လမန(နိုင်) ၁၁၃၀၄၉]မှ ဂရန်စာချုပ်တင်ပြ၍ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# ထီးလှိုင်ရှင်စေတီတော်မြတ်ကြီး ဆီးမီးပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဆီးမီးရောင်စုံ ရေမျှောပူဇော်ပွဲကျင်းပ

**မြောင်၊ နိုဝင်ဘာ ၂၁**

နိုင်ငံတော်ကြီး အေးချမ်းသာယာရေး၊ ကမ္ဘာသူ ကမ္ဘာသားများ ငြိမ်းချမ်းသာယာရေး မေတ္တာရှေ့ထား၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုဏ္ဍိဗလ (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ဦးဆောင်မှုဖြင့် တည်ထောင်အပ်သော စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ 'ကိုးဆယ်ဆ အနန္တမေတ္တာ' ပရဟိတ လူမှုကူညီရေးအသင်းကြီးက ကြီးမှူးကာ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ပရိမ္မကျေးရွာ ထီးလှိုင်ရှင်စေတီတော်မြတ်ကြီးအား ဆီးမီး ၁၀၀၀ ပူဇော်ပွဲနှင့် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ရွှေဖောင်တော်မျှောပူဇော်၍ ရွှေကြာဆီမီးရောင်စုံ ၂၇၀၀ ရေမျှောပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီက ထီးလှိုင်ရှင်စေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ပူဇော်ကျင်းပရာသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကိုးဆယ်ဆ အနန္တမေတ္တာ လူမှုကူညီ ရေးအသင်းသူ၊ အသင်းသားများ၊ မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတို့မှ ပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ကောင်းမြတ်သော ညချမ်းမဟာမင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ တိုင်းဒေသကြီး စည်ပင်ဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဦးညွန့်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ကိုးဆယ်ဆ အနန္တမေတ္တာလူမှုကူညီရေးအသင်းနှင့် တာဝန်ရှိသူများက မီးပုံးပျံအလုံးရေ ၅၄၀ နှင့် မီးရှူးမီးပန်းများကို လွှတ်တင်ပူဇော်ခြင်း၊ ထီးလှိုင်ရှင်စေတီတော်မြတ်ကြီးအား ဆီးမီး၁၀၀၀ ပူဇော်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဒေဝနိမန္တနဂါထာဖြင့် နတ်ပြဟ္မာများအား ပင့်ဖိတ်၍ ဆရာတော်နှင့်ဩဝ်သည်တော်များက ဘောဂဝတီနဂါးပြည်မှ နဂါးမင်းကြီးများအား နဂါးစာဖြင့် အစာအာဟာရ ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား စံမြန်းတော်မူမည့် ရွှေဖောင်တော်ပေါ်သို့ ပင့်လျှောက်ခြင်း၊ ရွှေဖောင်တောက်ကို မြစ်ညာသို့ ပင့်ဆောင်ခြင်းတို့ကို မင်္ဂလာအခါတော်ပေး ဦးသန်းငွေက ပါဝင်ဆောင်ရွက်ပေး၍ ရွှေဖောင်တော်အား မီးရှူးမီးပန်းများ လွှတ်တင်ပူဇော်ခြင်းနှင့်အတူ ရွှေဖောင်တော်လွှတ်ပူဇော်ကြသည်။

ထို့နောက် ဆရာတော်နှင့်အတူ ဝန်ကြီးချုပ်အမှူးပြုသော ဩဝ်သည်တော်များ၊ ကိုးဆယ်ဆ အနန္တမေတ္တာ လူမှုကူညီရေးအသင်းသူ၊ အသင်းသားများနှင့် တက်ရောက်လာကြသူများက ရွှေကြာဆီမီး ၂၇၀၀ ကို ရေမျှောပူဇော်၍ အရပ် ၁၀ မျက်နှာမေတ္တာပို့ဖြင့် အနန္တသတ္တဝါများအားလုံးကို မေတ္တာပို့အမျှဝေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**



# ရွှေပါရမီဖောင်ဒေးရှင်းမှ ကလေးမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများလှူဒါန်း

**ကလေး၊ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ရွှေပါရမီဖောင်ဒေးရှင်းမှ ရေခဲသေတ္တာတစ်လုံး၊ အဲယားကွန်းနှစ်ခုနှင့် အောက်ဆီဂျင် နှစ်လစာအတွက် အလှူငွေများကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရွှေပါရမီဖောင်ဒေးရှင်းမန်နေဂျာ ဦးမောင်အေးနှင့်အဖွဲ့မှ လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးနှင့် ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှာ လိုအပ်နေတဲ့ပစ္စည်းတွေကို ရွှေပါရမီဖောင်ဒေးရှင်းက လှူဒါန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကလေးမြို့ပြည်သူ့ဆေးရုံကလည်း တက်ရောက်လာတဲ့လူနာတွေကို နွေးနွေးထွေးထွေးနဲ့ လိုအပ်တာတွေကို ကုသပေးလျက်ရှိပါတယ်။ နောက်ပြီး ဂန့်ဂေါမြို့ လက်ပန်ကျေးရွာမှာ ယောဆရာတော်ဘုရားကြီးရဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့တွေမှာလည်း ကူညီပေးပြီး လာရောက်ဆေးကုသတဲ့ လူနာပေါင်း ခုနစ်ထောင်ကျော်ကို အတူလက်တွဲပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးမြို့ဆေးရုံအုပ်ကြီး ဒေါက်တာဦးစိန်အေးက ပြောသည်။

"ရွှေပါရမီဖောင်ဒေးရှင်းကနေ ယောဆရာတော်ဘုရားကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ လက်ပန်ကျေးရွာမှာ အထွေထွေရောဂါကုလူနာပေါင်း ခုနစ်ထောင်ကျော်ကို ကုသပေးခဲ့တာပါ။ ခွဲစိတ်ပေးခဲ့ရတဲ့လူနာတွေကလည်း ၁၀၀ ကျော်ရှိပါတယ်။ ထပ်ပြီးဂရုစိုက်ခွဲစိတ်ပေးရမဲ့ လူနာတွေ အထူးဂရုစိုက်ရမဲ့ အထွေထွေရောဂါကုလူနာတွေကို ကလေးမြို့ဆေးရုံကြီးမှာ လာရောက်ကုသမှုခံယူခိုင်းတာပါ။ ကုန်ကျစရိတ်တွေအားလုံးကိုလည်း ရွှေပါရမီဖောင်ဒေးရှင်းကနေ အားလုံးအကုန်အကျခံသွားမှာပါ" ဟု ရွှေပါရမီဖောင်ဒေးရှင်းမန်နေဂျာ ဦးမောင်အေးက ပြောသည်။

"မျက်စိနဲ့ပတ်သက်ရင်လည်း လူနာတွေကိုဆေးပေးတာတို့၊ မျက်မှန်စမ်းသပ်ပြီးပေးတာတို့ကို အခမဲ့ပြုလုပ်ပေးပါတယ်။ နောက်ပြီး အထွေထွေကုသပေးတာတို့ရော စုံလို့ပါပဲ။ တချို့ဆို မြို့ကိုတက်ပြီး မကုသနိုင်တဲ့ရောဂါတွေကို လာပြကြလို့ သက်သာပျောက်ကင်းသွားကြပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

ရွှေပါရမီဖောင်ဒေးရှင်းအနေဖြင့် (၂၆) ကြိမ်မြောက် လူနာများကို ခွဲစိတ်ကုသပေးခြင်းဖြစ်ကာ ဂန့်ဂေါမြို့နယ် လက်ပန်ကျေးရွာတွင် နိုဝင်ဘာ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ အလှူရှင် ၁၀၀ ကျော်ဖြင့် မျက်စိအပါအဝင် အထွေထွေလူနာပေါင်း ခုနစ်ထောင်ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

CROWN EDUCATION Yangon Myanmar
အစိုးရကျောင်း၊ International Schools မှကျောင်းသားများ၊ မိဘများမဖြစ်မနေသိထားသင့်သော
"ပညာရေးလမ်းကြောင်းတစ်ခုကို မှန်ကန်စွာရွေးချယ်ခြင်းနည်းလမ်းများ"
အကြောင်းဆွေးနွေးပွဲ . . . .
• International School မှ ကျောင်းသားများ SAT/ ACT/ iGCSE အသင့်တော်ဆုံးဘာရွေးမလဲ
• (၉)တန်းအောင်ရုံနဲ့ နိုင်ငံတကာမှာ ကျောင်းတက်လို့ ရပြီလား - ဘယ်လိုဘာသာရပ်တွေကို ဘယ်နိုင်ငံမှာတက်နိုင်မလဲ
• အမေရိကန်သင်ရိုးညွှန်းတမ်းကိုသွားမလား၊ အင်္ဂလန်သင်ရိုးညွှန်းတမ်းကိုရွေးချယ်မလား
• နိုင်ငံတကာမှာ ဆေးကျောင်းတက်မယ်ဆိုရင် ဘာတွေသိရှိထားဖို့လိုမလဲ၊ ဘာတွေပြင်ဆင်ရမလဲ
• Architecture နဲ့ Civil သင်ယူမည့် ကျောင်းသားများ အထူးသတိထားသင့်သည့်အချက်များ
• ပညာသင်မယ့် နိုင်ငံနဲ့ ဘာသာရပ်တွေကို မှန်ကန်စွာ ဘယ်လိုရွေးချယ်မလဲ
• နိုင်ငံခြားမသွားခင် မြန်မာနိုင်ငံရှိ ဘယ်လိုနေရာတွေမှာ အကောင်းဆုံးပြင်ဆင်သင့်သလဲ
မြန်မာနိုင်ငံတွင် တစ်နှစ်တက်ရောက်နိုင်သည့် University Foundation Program
25 Nov
10:00 am - 12:00 noon
CROWN Education Office
Call Us : 01 527 838, 09 732 732 77, 09 732 56 965

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊မြေကွက်အမှတ်(၉၉၈)၊မြေကွက်တည်နေရာအမှတ်(၉၉၈)အင်း၀(၉)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်သန်းတင်အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်သန်းတင်အားတရားပြိုင်ထား၍ဦးခင်အောင်မှတောင်ဥက္ကလာပမြို့နယ်တရားရုံးတွင်တရားလိုပြု၍စွဲဆိုသောတရားမကြီးမှုအမှတ်(၉၈/၂၀၁၄)၏စီရင်ချက်တရားမအောင်မှုအမှတ်(၈၄/၂၀၁၄)၏အမိန့်နှင့်(၇-၁၀-၁၄)နေ့စွဲပါဘီလစ်ခန့်စာတို့ကိုတင်ပြပြီးဘီလစ်နန့်ဆန်းသိန်း(၁၂/မရက(နိုင်)၀၄၇၆၁၆)ကအရောင်းအ၀ယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်(၅၉)၊ ၆၀×၆၁လမ်းကြား၊ ကျန်စစ်သားနှင့် ပျူစောထီးလမ်းကြားရှိ ဦးအောင်အောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးစိုင်းနော်ဆိုင်[၁၃/မကန(နိုင်)၀၀၁၀၇၉] မှ မြေစလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၃၇)၊ ၇၀×၇၁ကြား၊ စိန်ပန်း×မီးရထားသံလမ်းကြားရှိ ဦးနီပို အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်တင်တင်လှ[၁၂/သကတ(နိုင်)၁၁၇၈၂၅]မှ ဦးပိုင် ၃၇(ခဲစင်း) တောင်ဘက်ခြမ်းအား မြေကွက်ဖိုးပေးသွင်းပြေစာပျောက်ဆုံး၍ ထုတ်ပေးသည့်ဒက်ကြေးပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ ပြေစာပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၂)၊ ၆၀×၆၁လမ်းကြား၊ ငုရွှေဝါ×ဇလပ်ဝါလမ်းကြားရှိ ဦးပိုင် ၈၇(ခဲစင်း) တောင်ဘက်ခြမ်းနှင့် ဦးပိုင် ၈၇(ခဲစင်း)မြောက်ဘက်ခြမ်းတို့သည် ဦးဘိုးသိန်းအမည်ဖြင့်ချထားပေးသောမြေကွက်အား ဇနီးဖြစ်သူဒေါ်မြပု[၉/မရတ(နိုင်)၀၉၅၂၅၂]နှင့် သမီးဖြစ်သူ ဒေါ်ရီရီသိန်း[၉/မနမ(နိုင်)၀၀၁၄၀၂]တို့မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ဂရန်သစ်/ဦးပိုင်ခွဲ/အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# မန္တလေးတောင်တော်မှ ပုံပြင်ဆန်ဆန်ထူးခြားသောကျောက်ဆင်ရုပ်ကို ပြည်တွင်း၊ပြည်ပ ဘုရားဖူးများက စိတ်ဝင်တစား လေ့လာမှုများရှိ

**မန္တလေး၊ နိုဝင်ဘာ ၂၁**

မန္တလေးမြို့သို့ လာရောက်သည့် ပြည်တွင်းဘုရားဖူးများသည် မန္တလေးတောင်ပေါ်မှပုံပြင်ဆန်ဆန် ကျောက်ဆင်ရုပ်ကို စိတ်ဝင်တစား မေးလေ့ရှိသည်။ ကျောက်ဆင်ရုပ်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာ ပုံပြင်ကိုလည်း ယုံကြည်ကြသည်။ ထူးခြားသော ကျောက်ဆင်ရုပ် ပုံပြင်တွင် ရှေးအခါက နတ်သမီးခုနှစ်ဖော်သည် မန္တလေးတောင်တော်သို့ လှည့်လည်ရင်း ပျော်ရွှင်မှုရစေရန် ကစားနည်းတစ်ခု ကစားသည်ဟုဆိုသည်။

ထိုကစားနည်းမှာ တောင်တော်ပေါ်ရှိ ကျောက်တုံးကို ဆင်သဏ္ဌာန်လုပ်ကာ ဆင်ရုပ်ဖြစ်စေပြီး ပကတိဆင်အတိုင်း အသက်ရှင်စေမည်ဖြစ်သည်။ ကျောက်တုံးဆင် ဖြစ်သွားကာ အသက်ဝင်လာမှ ကစားမည်ဟုဆိုကာ ပြုလုပ်ကြသည်။ ဆင်ရုပ်ပြုလုပ်စဉ်တွင် သိကြားမင်းသိရှိ၍ ဆင်ရုပ်အသက်ဝင်လာပါက ထိုးသတ်ရန်ပြုလျှင် သတ္တဝါများ သေကျေပျက်စီးမည်ကို သိသည့်အတွက် မိုးကြိုးစက်ဖြင့် ခွင်းရာ အစိတ်စိတ်ကွဲသွားသည်။ နတ်သမီးများလည်း သိကြားမင်းသိသွားသည် ကိုသိကာ ထွက်ပြေးသွားရာမှ ဆင်ရုပ်သဏ္ဌာန် ကျန်နေခဲ့သည်ဟုဆိုသည်။



ထိုဆင်ရုပ်မှာ မန္တလေးဘိုးဘိုးကြီးနတ်ဂူ၏ အရှေ့ဘက်တွင်ရှိသည်။ ကျောက်ဆင်ရုပ်မှာ မိုးကြိုးပစ်ခံရကာ ဦးခေါင်းနှင့် နားရွက်အောက်ခြေနားတွင် ပြတ်ကျလျက်ရှိသည်။ အရှေ့ဘက်မှကြည့်လျှင် ဆင်ကိုယ်လုံးသဏ္ဌာန်ပေါ်သည်။ ပြတ်ကျသော နားရွက်များ ယခုတိုင်ရှိနေသည်။ ဆင်ရုပ်ကွဲကြီးအား အင်္ဂတေလောင်းထည့်ဆက်ပြီး အပေါ်တွင် ကျောက်သမ္ဗန်ဘုရား တည်ထားသည့်အတွက် ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။

ဒေသခံများကမူ ဆင်ရုပ်နားရွက်ပိုင်းကို ဖယ်ခွာခြင်း မပြုကြဘဲ ကျောက်နားရွက်နှင့် လွတ်ရာနေရာတွင် လှေကားပြုလုပ်ထားသည်။ ယခုအခါ မန္တလေးတောင်တော် ရောက်ဘုရားဖူးများ စိတ်ဝင်စားဖွယ်ရာ ကျောက်ဆင်ရုပ်နှင့် ဆင်ရုပ်ပေါ်မှ ကျောက်သမ္ဗန်ဘုရားကို ဖူးမြော်ကြပြီး ကျောက်ဆင်ရုပ်နှင့် ပတ်သက်သော ပုံပြင်ကလေးကို စိတ်ဝင်တစား ပြောလျက်ရှိသည်။ မန္တလေးတောင်တော်ရောက် ဘုရားဖူးများ ကျောက်ဆင်ရုပ်ကို မန္တလေးဘိုးဘိုးကြီး နတ်နန်းအနီးတွင် လေ့လာနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

## တီဘီဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ခြင်း ဆင့်ပွားသင်တန်းဖွင့်

**ရေး၊ နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် ရေးမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သောပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ခြင်း ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက ရေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန်းဝင်းတို့က အမှာစကား ပြောကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ သင်တန်းသား၊ သင်တန်းသူ ၈၈ ဦး တက်ရောက်မည်ဖြစ်ရာ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှ သင်တန်းနည်းပြဆရာမ မြို့နယ်သူနာပြုအဆင့် -၁ ဒေါ်နွယ်ဇင်ဝင်းနှင့် PHS1E ဦးမျိုးဦးတို့က သင်ခန်းစာများကို စာတွေ့လက်တွေ့ဖြင့် တစ်ရက်ကြာသင်ကြားမည်ဖြစ်သည်။

**ထွန်းထွန်း(ရေး)**

# မိတ္ထီလာမြို့နယ်တွင် အထူးအထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသစ်အား တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ၊ နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝါနှင့် ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးသည့် တစ်ဧကပိဿာ (၁၀၀၀) ကျော်ထွက်ရှိနိုင်သည့် ရွှေတောင်-၈ နှင့်ငွေ ချည်-၉ ချည်မျှင်ရှည်ဝါမျိုးသစ်အား တောင်သူပညာပေးပြသခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက တောမအုပ်စု ပြည်တော်သာကျေးရွာ ကွင်းအမှတ် ၈၅၃ ဦးကုလား၏ ယာကွက်ပေါ်တွင် စိုက်ပျိုးထားသည့် ရှည်မျှင်ရှည်ဝါမျိုးသစ်ကို တောင်သူများအားပြသခဲ့သည်။

တောင်သူပညာပေး သိပ္ပံနည်းကျ စံပြဝါစိုက်ခင်းတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းဌေးက တက်ရောက်လာကြသည့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးစန်းလွင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့ဝင်များနှင့် တောမ၊ ညောင်ကိုင်၊ ရွာသစ်၊ ပေါက်ပင်သာ၊ ပြည်တော်သာ၊ ချောက်ပင်၊ မကျီးပင်ပု၊ မင်းတဲကုန်း စသည့် ဒေသခံ ကျေးရွာများမှ တောင်သူများအား ရွှေတောင်-၈ ဝါမျိုးကို မျိုးသုတေသနပညာရှင်များက မျိုးစပ်ထုတ်လုပ်ပြီး ငွေချည်-၉ ဝါအား မျိုးသုတေသနပညာရှင်များက နိုင်ငံခြားမှတင်သွင်းလာသော ချည်မျှင်ရှည်ဝါမျိုးထဲမှ ရွေးချယ်ထုတ်လုပ်၍ မျိုးစေ့အရည်အသွေး မှန်ကန်စွာဖြင့် တောင်သူလက်ဝယ်သို့ နှစ်စဉ်ဖြန့်ဖြူးနိုင်ရေးအတွက် ဝါသုတေသနခြံကြီးများတွင် မျိုးသန့်အဆင့်အလိုက် အဆင့်ဆင့်ပွားများ ထုတ်လုပ်မည်ဖြစ်ပြီး မျိုးသန့်မျိုးပွားအဆင့်မျိုးစေ့များအား ဝါစိုက်တောင်သူများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် တစ်ဧက ဝါပိဿာ (၁၀၀၀) ကျော်နှုန်း ထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံတောင်သူများက ရွှေတောင်-၈နှင့်ငွေချည်-၉ ချည်မျှင်ရှည်ဝါမျိုးသစ်စိုက်ပျိုးမှုနှင့်ပတ်သတ်၍ သိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူး ဦးအေးလွင်က ပြန်လည်ဖြေကြားခဲ့သည်။

ဝါစိုက်တောင်သူများ အနေဖြင့်လည်း အဆိုပါ ဝါများကို စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ရှင်းလင်းပြသခဲ့သည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အတိုင်း လိုက်နာစိုက်ပျိုးမည်ဆိုလျှင် စီးပွားဖြစ်စိုက်ပျိုးအောင်မြင်မည်ဖြစ်ကြောင်းနှင့် ငွေချည်-၆ ချည်မျှင်ရှည်ဝါထက် အထွက်နှုန်းကောင်းမွန်ကြောင်းကိုလည်း ပြောကြားခဲ့သည်။**သိန်းမြင့်ကျော်(မိတ္ထီလာ)**

ဂုဏ ဥပဒေသင်တန်း
J.O/L.O များစွာမွေးထုတ်ပေးခဲ့သည့်
J.O/L.O (၇-၁၂-၂၀၁၄) ဖွင့်ပြီ
သင်တန်းများ
အမှတ်-၃၂၅(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် - 09-73235553,09-421100898

ဗိနိုဝင်းနှင့်ရောင်းရင်းများမှ
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ(နေ့စဉ်)
▲ တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုက်ဂူ သောကြာနေ့တိုင်း
▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ ▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊
မန္တလေး၊ ပြင်ဦးလွင် ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ▲ မူဆယ်၊ ရွှေလီ
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ▲ ကျိုက္ခမီ၊ စက်စဲ၊ မော်လမြိုင် ဘုရားစုံ
▲ ပြည် အကောက်တောင် လမ်းဘုရားစုံ (စနေ)▲ ဝလွန်ပြည်တော်ပြန် (တနင်္ဂနွေ)
▲ မဲလဲဆံတော်ရှင်၊ ကျိုက်ပိရပဟန္တာ၊ ကျိုက်ထီးဆောင်း၊ ကေလာသ၊ မြသပိတ် (စနေ)
၂၂၈၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

ခရီးသွားနဂါး ခရီးသွားလုပ်ငန်း
- ရန်ကုန်-ကော့သောင်း-လေယာဉ်ခရီးစဉ် (အသွား/အပြန်) ၄ည၊ ၅ ရက်
- ရန်ကုန်-ကော့သောင်း-ရနောင်း-သူဌေးကျွန်း-
မြိတ်ကျွန်းစု-လေ့လာရေး/အပန်းဖြေခရီး ၄ ည၊ ၅ ရက် ခရီးစဉ်
- ရနောင်း ဈေးဝယ်-ခရစ္စမတ်နေ့ သူဌေးကျွန်းဘူဖေး-
မြိတ်ကျွန်းစု-လေ့လာရေး ဆလုံများနှင့် တစ်ညအိပ်
ကော့သောင်းမြို့ရှိ Hotel ၌ ညအိပ် Dec-24 to 28
Dec-30 to 3 Jan 2015
- Feb, March, April (သင်္ကြန်ရက်)များတွင် ခရီးစဉ်ရှိပါသည်။
- Home Delivery Service
- ကုမ္ပဏီအသင်းအဖွဲ့များကိုလည်း စီစဉ်ပေးပါသည်။
Ph : 01-644721, 09-5184029, 09-254188132

လမ်းမတန်းခြံကျယ်ရောင်းမည်
- ဘဏ်ဖွင့်ရန်၊ ဆေးရုံဆောက်ရန်၊ ဟိုတယ်ဆောက်ရန် အကောင်းဆုံးနေရာ
- လမ်းသစ်လမ်းမကြီးပေါ်ရှိ ဧကဝက်မြေကွက်
- စော်ဘွားကြီးကုန်းအိမ်ဆောက်ပစ္စည်းဆိုင်များအနီး
ဆက်သွယ်ရန်ဖုန်း-09-422514762

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၃၂)၊ ဦးပိုင်(၂၃)၊ ၅၂လမ်း × ၅၃လမ်းကြား၊ စံပြလမ်း×မင်္ဂလာလမ်းကြားရှိဦးစံသောင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးစံသောင်း ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းမို [၉/တသန(နိုင်)၀၈၃၆၇၂] မှ မြေစလစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ မြေချစလစ်မူရင်းခွဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၇၅)၊ ဦးပိုင်အမှတ်(၆၉)၊ ၃၇×၃၈ လမ်းကြား၊ ၇၅×၇၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှလှ(ခ) ဒေါ်ရွှေလှထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၁၅၈၈/၂၀၁၄)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ ဒေါ်လှစန္ဒာဦး[၉/မရတ(နိုင်)၁၂၂၆၆၅] မှ အမှုတွဲအမှတ် ၁၆၈၂/၂၀၁၄-၂၀၁၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၃)၊ ဦးပိုင် (၆၀)၊ ၆၀×၆၁လမ်းကြား၊ ကျန်စစ်သားနှင့် ပျူစောထီးလမ်းကြားရှိ၊ ဒေါ်ခင်မြင့် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်နန်းမြငွေ [၁၃/မကန(နိုင်)၀၀၁၂၈၇]မှ မြေစလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် (ဆ-၂)၊ ဦးပိုင်အမှတ်(၁၆၃)၊ ၆၉×၇၁ လမ်းကြား၊ ငုရွှေဝါ×ဒေလီယာလမ်းကြားရှိ ဦးဘဆွေ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဝင်းအောင် [၁/မညန(နိုင်)၀၇၈၄၃၉]မှ မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# နိုင်ငံတော်လိုအပ်ချက်ကြောင့် မြေသိမ်းခြင်းများရှိလာပါက လျော်ကြေး ပေးခြင်း အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဟု မူဝါဒ ရေးဆွဲထား

**ရန်ကုန်၊ နိုဝင်ဘာ ၂၁**

နိုင်ငံတော်၏ လိုအပ်ချက်ကြောင့် မြေသိမ်းဆည်းခြင်းများ ရှိလာပါက လျော်ကြေးပေးခြင်းအပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုပါ ဆောင်ရွက်သွားရမည်ဟု အမျိုးသား မြေအသုံးချမှု မူဝါဒ(မူကြမ်း) တွင် ရေးဆွဲထားကြောင်း နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်းတွင် ကျင်းပခဲ့သည့် အမျိုးသား မြေအသုံးချမှု မူဝါဒ(မူကြမ်း) အပေါ် အများပြည်သူနှင့် ပါဝင်ပတ်သက်သူများထံမှ အကြံပြုချက်များ ရယူရှင်းလင်းဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း) ရေးဆွဲလျက်ရှိရာတွင် ပဥ္စမအဆင့် မူကြမ်းရေးဆွဲဆောင်ရွက်ပြီးဖြစ်၍ အများပြည်သူနှင့် ပါဝင်ပတ်သက်နေသူများ၊ ပညာရှင်များထံမှ အကြံပြုချက်များ၊ ဝေဖန်မှုများကို ရယူဆောင်ရွက်သွားရန်အတွက် တွေ့ဆုံပွဲ ကျင်းပခဲ့ရာတွင် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် အဆိုပါ တာဝန်ရှိသူက ပြန်လည်ဖြေကြားပေးခဲ့ခြင်း ဖြစ်သည်။

"အရင်က မြေသိမ်းခဲ့ရင် လျော်ကြေးပေးတာတို့ ပြန်လည်နေရာချထားပေးတာတို့မှာ အဆင်မပြေတာတွေရှိတယ်။ ပြန်လည်နေရာချထားပေးတဲ့ နေရာမှာ သွားရေးလာရေး ခက်ခဲတာ ဘတ်စ်ကားလိုင်းမရှိတာနဲ့ ဒုက္ခရောက်ရတယ်။ ဒီအချက်တွေ ထည့်သွင်းဆောင်ရွက်ပေးမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။

"ဆင်းရဲမှုကို လျှော့ချပေးရာလည်း ရောက်မယ်။ ဒါကြောင့် ပြန်လည်နေရာချထားပေးတာနဲ့ မလုံလောက်ပါဘူး" ဟု လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဦးမောင်မောင်ဝင်းက ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြေသိမ်းဆည်းခံရမှုများ၊ မြေယာအငြင်းပွားမှု ပြဿနာများ၊ ဒေသခံတိုင်းရင်းသားတောင်သူလယ်သမားများတရားစွဲဆို ပြစ်ဒဏ်ကျခံနေရသည့် တောင်သူလယ်သမားများ အရေးကိစ္စများကို မြေယာမူဝါဒတွင် ဖြေရှင်းဆောင်ရွက်ပေးမည့် အချက်များ၊ထည့်သွင်းရေးဆွဲရန်အတွက် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများ၊ တောင်သူလယ်သမားများအားလုံး၏ ဆန္ဒခံယူပေးရန် တက်ရောက်လာသည့် အနယ်နယ်အရပ်ရပ်မှ တောင်သူများနှင့် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတို့ကလည်း ဥပဒေမပေါ်ထွက်မီ အများပြည်သူ ပါဝင်သောအကြံပြုချက်၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ သဘောထား အကြံဉာဏ်များ ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မူဝါဒ (မူကြမ်း) ကို www.fdmoecaf.gov.mnm/newdesign တွင် ကြည့်ရှုလေ့လာနိုင်ပြီး အကြံဉာဏ်များ၊ ဝေဖန်မှုများ ပေးပို့နိုင်ကြောင်း သိရသည်။

**ဝဝ၁**

## နမ့်စန်မြို့နယ်တွင် ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ရှင်းလင်းပွဲပြုလုပ်



**နမ့်စန်၊ နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်ရဲတပ်ဖွဲ့မှနိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက နမ့်စန်မြို့မ ရဲစခန်းဝင်းအတွင်း ရဲလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ယုံကြည်အားကိုးမှုရှိစေရန်၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုများ ရှိစေရန် အတွက်ရည်ရွယ်ကြောင်းသိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့မရဲစခန်းစခန်းမှူး ဒုရဲမှူးတင်မောင်လေးက မြို့မရဲစခန်းပိုင်နယ်မြေအတွင်း မှုခင်းများအခြေအနေနှင့် မှုခင်းဖော်ထုတ်နိုင်မှု အခြေအနေများ ရှင်းလင်းခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်တို့မှ ချမှတ်ပေးသည့် တရားခံပြေးများ ဖမ်းဆီးရမိရေး ညွှန်ကြားချက်အပေါ် ဆောင်ရွက်မှု အခြေအနေ၊ ပြည်သူများအနေဖြင့်လည်း အချိန်နှင့်တစ်ပြေးညီ သတင်းများ ပေးပို့ကြစေလိုကြောင်းနှင့် တရားခံပြေးများအား လက်သင့်ခံခြင်းတို့၏ ပြစ်မှု၊ ပြစ်ဒဏ်များကို ချပြရှင်းလင်းခဲ့သည်။

ဆက်လက်၍ ရှင်းလင်းပွဲတက်ရောက်လာကြသူများမှ အကြံပြုချက်များ ဆွေးနွေးတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ပွင့်ဖြူ၌ မိုးစပါး စံကွက် ရိတ်သိမ်း

**ပွင့်ဖြူ၊ နိုဝင်ဘာ ၂၁**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စံပြကျေးရွာ တောင်သူဦးညဏ်လင်း၏ GAP ဧက၁၀၀ စိုက်ကွင်း ကွင်းအမှတ် ၉၁၀ တွင် ဆင်းသုခ စပါးမျိုး ၁ ဒသမ ၂၇ ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံပြကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပရာ တစ်ဧကလျှင် အစို ၁၃၈ ဒသမ ၀၁ တင်းထွက်ရှိပြီး အခြောက်တစ်ဧကလျှင် ၁၂၄ ဒသမ ၂၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူ ၇၀ ဦးခန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးလှိုင်မြင့်နှင့် ဝန်ထမ်းများတက်ရောက်ခဲ့ပြီး ယခုရိတ်သိမ်းသော စပါးကို ဇူလိုင် ၂၈ ရက်က စတင်စိုက်ပျိုးခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်တွင် ရိတ်သိမ်းနိုင်ကာ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခဲ့၍ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးနည်းစနစ်၊ ဆေးပေးစနစ်များအား နည်းစနစ်များနှင့်အညီ ဆောင်ရွက်ခဲ့၍ အထူးအထွက်တိုးရရှိခဲ့ပြီး ယခုအသုံးပြုနေသည့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်မှာ တစ်ဧကလျှင် ဒေသပေါက်ဈေး ငါးသောင်းကျပ်ဖြင့် ငှားရမ်းအသုံးပြုနိုင်ကာ ယခင်အသုံးပြုနေသည့် ခြွေလှေ့စက်များထက် ကုန်ကျစရိတ်သက်သာမှုရှိပြီး အလေအလွင့်နည်းပါးကာ အချိန်မီပြီးစီးနိုင်ပါကြောင်း ဦးစီးမှူးဦးလှိုင်မြင့်က ပြောသည်။

မိမိတို့ဌာနအနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးအောင်နိုင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဝင်းနှင့် မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ စံကွက်ရိတ်သိမ်းပွဲလေ့လာသူ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် မြစိမ်းရောင်စီမံကိန်းဝင် ထနောင်းပင်ကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ငါန်းဇွန်၊ နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်သော ထနောင်းပင်ကျေးရွာသို့ မြင်းခြံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းနောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးစိုးဝင်းထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစီးမှူးဦးကျော်မင်းနောင်နှင့် အဖွဲ့သည် ထနောင်းပင်ကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေမှုများကို ကြည့်ရှုခဲ့ပြီး မြစိမ်းရောင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ စာရင်းများမှန်ကန်မှု ရှိရေး၊ အတိုးမှန်မှန်ရရှိစေရေး၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအကြောင်းကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအပြင် မြစိမ်းရောင်ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများမှ စီမံကိန်း ရန်ပုံငွေဖြင့် လုပ်ဆောင်နေသော လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို ပြန်လည်တင်ပြခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

GUSTO
Institute of Information Technology

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့လက်မှတ် ရရှိရုံ သာမက
ITကုမ္ပဏီကြီးများတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်မည့်



HND Diploma in Computing (UK)

- အင်္ဂလန်နိုင်ငံ၏ QCF Level - 5 အဆင့်ရှိ HND Diploma ကို ရန်ကုန်မြို့ရှိ GUSTO - Institute of IT တွင်စာသင်ကာလ (၂)နှစ် တက်ရောက်ပြီး ရယူနိုင်ပါပြီ။
- GUSTO မှ HND ရရှိပြီးပါက ပြည်တွင်းပြည်ပ ITကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်သည်။
- B.Sc.(Hons:) Computing ဘွဲ့ကိုဆက်လက်သင်ယူလိုပါက အင်္ဂလန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သော University of the West of England, Tesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်ပေါင်း(၂၀၀)ကျော်၏ နောက်ဆုံးနှစ်ကို တိုက်ရိုက် တက်ရောက်နိုင်ပါသည်။
- နောက်ဆုံးနှစ်ကို ပြည်တွင်း၌ တက်ရောက်လိုပါက GUSTO - Institute of IT ၌ပင် ဘွဲ့ရသည်ထိ တက်ရောက်နိုင်ပါသည်။

#289 (A), Pyay Road, Sanchaung Yangon.
09 - 86 288 06, 09 - 4500 56 104

Enroll Now!
November Intake

UWE Bristol University of the West of England
Teesside University
University of Huddersfield

# ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းပြသထားသည့် ရွှေကိုင်းသားဆရာတော်၏ အနုယုဒ္ဓါပြတိုက်ကျောင်းကြီး ထိန်းသိမ်းရန် လိုအပ်နေ



**စစ်ကိုင်း၊ နိုဝင်ဘာ ၂၁**

၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်စာပဒေသာဆုရ၊ သုတေသီစာရေးဆရာ(ရွှေကိုင်းသား)ခေါ် ဆရာတော်ဦးသောဘိတ သီတင်းသုံးတော်မူသွားသည့် စစ်ကိုင်းတောင်ရိုး၊ အနုယုဒ္ဓါချောင်တွင် ဆရာတော်လက်ထက်က စုဆောင်းထိန်းသိမ်းထားခဲ့သည့် ရှေးဟောင်းပစ္စည်းများအနက်မှ ရှေးခေတ်သုံးမှန်မီးအိမ်များနှင့် ရှေးဟောင်းပစ္စည်းအချို့ ကျန်ရှိနေသေးကြောင်း၊ လက်ရှိဆရာတော်လေးမှ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားလျက်ရှိကြောင်း သိရသည်။ သုတေသီစာရေးဆရာ ရွှေကိုင်းသား သီတင်းသုံးသွားခဲ့သည့် အနုယုဒ္ဓါချောင်မှာ စစ်ကိုင်းတောင်ရိုး မူလရှေးဟောင်းချောင် ကိုးချောင်တွင် အပါအဝင်ဖြစ်ပြီး လူသူအရောက်အပေါက်နည်းလှသည့် တောင်ကြားအတွင်း တည်ရှိသည်။ စစ်ကိုင်းတောင်၊ ဥမင်သုံးဆယ်ဘုရားအနီး ပဲစားချောင်ကိုဖြတ်၍ ပရက္ကမချောင်၏အောက်ဘက် မတ်စောက်သည့် တောင်ကြားလမ်းအတိုင်းဆင်းကာ သွားရောက်ရသည်။ ဆရာတော်ရွှေကိုင်းသားသည် ချောင်ကျလှသည့် အဆိုပါချောင်တွင် တောရဆောက်တည်သီတင်းသုံးတော်မူရင်း မြန်မာ့စာပေသမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သည့် စာပေကျမ်းဂန်၊ စာအုပ်စာတမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့သည်။ စာပေကျမ်းဂန်များစွာ ပြုစုတော်မူရင်း ဆရာတော်သည် ရှေးဟောင်းပျူဒင်္ဂါးများအပါအဝင် ဒင်္ဂါးအမျိုးမျိုး၊ ရှားပါးတံဆိပ်ခေါင်းအမျိုးမျိုး၊ ကြေး၊ သစ်သား၊ ယွန်းထိုး၊ သရိုးကိုင်ခေတ်အဆက်ဆက် ဆင်းတုတော်များ၊ သစ်လှီး၊ သစ်ထွင်းကနုတ်ပန်းများ၊ ရှေးဟောင်းကြွေထည်အိုးများ၊ ရှေးခေတ်သုံးဖန်မီးအိမ်များ၊ မှန်မီးအိမ်များ၊ ရောင်စုံရွဲလုံးကြီးများ၊ တိုင်ကပ်နာရီကြီးများ၊ ရှေးဟောင်းနန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊ ပေစာပရပိုဒ်ထုပ်များစသည့် ယဉ်ကျေးမှုလက်ရာပစ္စည်းများကို ကျောင်းဆောင်ပေါ်တွင် ပြခန်းအဖြစ် စုဆောင်းထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

ခေါးပြများ၏ ရိုက်နှက်မှုကြောင့် ၂၉-၆-၁၉၈၇ ရက်တွင် ဆရာတော် ပျံလွန်တော်မူသည့်အခါ အဆိုပါ အနုယုဒ္ဓါပြတိုက်ရှိ ရှေးဟောင်းပစ္စည်းအချို့အား ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့မှ သိမ်းဆည်းထိန်းသိမ်းထားခဲ့ကြောင်း၊ အခြားကျန်ရှိသည့်ရှေးဟောင်းဆင်းတုတော်များ၊ ပစ္စည်းများကိုလည်း အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ပညာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိပုဂ္ဂိုလ်တစ်ဦးက လာရောက်ယူဆောင်သွားကြောင်း၊ ကျောင်းတိုက်အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အနောက်ပရက္ကမချောင်တိုက်ဆရာတော် ဦးနန္ဒဝံသ၏ မြွက်ကြားချက်အရ သိရပါသည်။ ယခုအခါ ကျောင်းတိုက်တွင် ဆရာတော်စုဆောင်းထားခဲ့သည့် ရှေးဟောင်းဖန်မီးအိမ်၊ မှန်မီးအိမ်အချို့၊ ရှေးဟောင်းတိုင်ကပ်နာရီကြီးများနှင့် ကြွေထည်ပစ္စည်းများ၊ ပေစာထုပ်၊ သစ်ထွင်းကနုတ်အချို့၊ ဘုရားစာတိုက်ဆောင်အချို့ ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ သို့သော် ပြတိုက်ပြုလုပ်ထားသည့် သစ်သားကျောင်းဆောင်ကြီးမှာ အမိုးများ၊ ကြမ်းခင်းများမှာ ဆွေးမြေ့ပျက်စီးလျက်ရှိနေပြီဖြစ်၍ ထိန်းသိမ်းရာတွင် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"အမိုးက ရေမလုံတော့ ပစ္စည်းတွေ ပျက်စီးမှာ စိုးရိမ်ရတယ်။ ပြတိုက်ကျောင်းကြီးက သက်တမ်း ၈၉ နှစ်ရှိပြီဆိုတော့ အမိုးမလုံတော့ဘူး။ ကြမ်းခင်းတွေလည်း ဆွေးမြေ့နေပြီ။ ဦးပဉ္စင်းတို့အနေနဲ့လည်း ပြင်ဆင်နိုင်တဲ့အင်အား မရှိဘူး။ ဒီနေရာက လူသူအဆက်အသွယ်လည်းပြတ်တယ်။ ချောင်လည်းကျတော့ ကုသိုလ်ရှင်တွေလည်း အသိနည်းတယ်။ ဆရာတော်လက်ထက်ကတော့ မန္တလေးကစာရေးဆရာတွေ၊ လူထုဦးလှ၊ လူထုဒေါ်အမာတို့၊ ဟံသာဝတီဦးဝင်းတင်၊ ကဗျာဆရာကြီးဦးကြည်အောင်၊ ဦးကိုလေး (အင်းဝ)တို့ အစရှိတဲ့ စာရေးဆရာတွေ မပြတ်လာရောက်လည်ပတ်ကြတဲ့နေရာလို့ သိရတယ်" ဟု အနုယုဒ္ဓါချောင်တိုက်တွင် စောင့်ရှောက်သီတင်းသုံးလျက်ရှိနေသည့် ဦးပဉ္စင်းဦးဇာနေယျက ပြောပြသည်။

ဆရာတော်ရွှေကိုင်းသား သီတင်းသုံးတည်ထောင်သွားသည့် အနုယုဒ္ဓါပြတိုက်ကျောင်းကြီးမှာ အခန်းပေါင်း (၆×၁၀) ခန်း၊ တိုင်လုံးကြီးပေါင်း ၈၀ ရှိသည့် ရှေးဟောင်းသစ်သားကျောင်းဆောင်ကြီး ဖြစ်သည်။ အဆိုပါကျောင်းတိုက်ကြီးကို ၁၄-၁၁-၁၉၂၅ ရက်တွင် မန္တလေးမြို့၊ ယိုးဒယားဈေးရပ်၊ ဝတ်လုံတော်ရ M.A(လန်ဒန်)၊ ပုလဲသခင်ဦးကိုကိုကြီး၊ ဒေါ်ခင်မျိုးမြစ်တို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

## ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်

**ပေါက်၊ နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံး (မြို့ပြ) စီမံချက်လုပ်ငန်းဖြစ်သော ပေါက်မြို့၊ အောင်တော်မူရပ်ကွက်၊ တပင်ရွှေထီးလမ်းမှာ ယခင်ကမြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါတွင် ရွံ့ဗွက်များဖြင့် သွားလာရေးခက်ခဲခြင်း၊ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းတို့ကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ လမ်းအဆင့်မြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

အဆိုပါလမ်းအတွက် အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့ ကောက်ခံရရှိငွေမှ ခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် လမ်းပေ ၄၅၀ × ၁၀ ကို အဆင့်မြှင့်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်က ပြောသည်။ **အောင်(မန်းတက္ကသိုလ်)**

## အမျိုးသမီးရေးရာအဖွဲ့ သီလရှင်ဆရာလေးများအား ပစ္စည်းနှင့် ငွေလှူဒါန်း

**လွိုင်လင်၊ နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လွိုင်လင်မြို့ရှိ ဘုန်းကြီးကျောင်းတိုက်များရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆန် ၊ ဆီ ၊ ဆားနှင့် အာဟာရပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုငွေများအား နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကမ္ဘောဇနန်းကျောင်းတိုက် ရတနာစည်စာသင်တိုက်သို့ သွားရောက်၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်၊ မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွန်းနှင့် အဖွဲ့ဝင်များက သီလရှင်ဆရာကြီး၊ ဆရာလေး ရှစ်ပါးအား တစ်ပါးလျှင်လှူဒါန်းငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၃၆၀၀၀ ဖြစ်ပြီး ဆန်၊ ဆီ၊ ဆား၊ နို့ဆီ၊ သကြားနှင့် လှူဖွယ်မျိုးစုံတို့ကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ ယင်းအဖွဲ့ဝင်များသည်အသက် ၈၁ နှစ်ရှိ အဖွားတစ်ဦးအား ခြုံထည်စောင်၊အာဟာရဖြည့်အစားအစာနှင့် ထောက်ပံ့ငွေ ကျပ်နှစ်သောင်း တိတိကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဂ/၇၃၉၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

Special-List 140 Sq-Ft 120 254044529

Columbus Vocational Education Center (CVEC)

သင်သည် Ticketing Agent များနှင့် Airlines များတွင် အလုပ်လျှောက်ချင်ပါသလား?

ဒီသင်တန်းကိုတက်ဖြစ်အောင်တက်ပါ။

Operational Ticketing Course & Online Reservation System

International and Domestic

(Abacus and Galileo Certificate)

➤သင်တန်းစတင်မည့်နေ့ - ၁-၁၂-၂၀၁၇

➤သင်တန်းချိန် - တနင်္လာ မှ စနေ (နံက် ၇:၀၀ မှ ၉:၀၀)

➤သင်တန်းကာလ - ၁လ ဖုန်း-215868, 09250293831

နေရာ - (၆၅) ဝါးတန်းလမ်း။လမ်းမတော်မြို့နယ်။

ပေါ်ပြူလာဝတား Travel & Services ပြည်တွင်းခရီးစဉ်

တောင်ကြီး–အင်းလေးခရီးစဉ် - Dec 24, Dec 26, Jan 1

မန္တလေး–ပြင်ဦးလွင်ခရီးစဉ် - Dec 24, Jan 1

Scania Bus 3 Star Hotel Restaurants

၄ည/၅ရက် ၁.၃သိန်း

(စရံငွေရှေ့ဦးရာလူစနစ်)(Door to Door ဝန်ဆောင်မှု)(၁၀ဦးပြည့်လျှင်၁ဦးအခမဲ့)

Ph: 01 2301866, 09-5129134, 09-250154837

**ပြန်လည်ရုပ်သိမ်းကြောင်း**

ကျွန်မ ဒေါ်ခင်စိုး [၁၂/မဂတ(နိုင်)၀၄၉၂၅၅]သည် ၁၅-၉-၂၀၀၇ ရက်စွဲပါ ကြေးမုံသတင်းစာတွင် သားအဖြစ်မှ စွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်စိုး

ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ **ရောင်းမည်**

၁။ ၅၅'×၇၀'(မ/ဥ)(ဒေါ်း-၂)

၂။ လိုင်စင်ရဟိုတယ်(ဗဟံ/ညောင်ဦး)

၃။ ၁၀'ပြိုဟ်တုလောင်း+စက်

စုံစမ်းရန် ဖုန်း-09 5010196

**ရောင်းမည်**

၁။ (၁၂၀'×၁၈၀') ခြံကျယ်၊ 1PT၊ ရေ+မီး၊ ဗိုလ်ဗထူးလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း။ ဘိုးဘွား အရပ်စာချုပ်။

၂။ (၅၀'×၁၃၅') ခြံကျယ်၊ အုတ်တံတိုင်းခတ်၊ ဗိုလ်ဗထူးလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်း။ ဘိုးဘွား အရပ်စာချုပ်။

၃။ (၆၀'×၆၀') ခြံကွက်၊ 1BN (40'x40')၊ ပန်းဥယျာဉ်လမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်း။ ဘိုးဘွား အရပ်စာချုပ်။

၄။ ရန်ကုန်-ပုသိမ်လမ်းမမေးတင်၊ အေးရှားဝါးတိုးဂိတ်အနီး၊ ရွှေပြည်တန်ဆန်စက်ဘေးကပ်၊ (၁. ၅)ဧက။

၅။ ရန်ကုန်ပဲခူးလမ်းမ၊DENKO ဆီဆိုင်ရှေ့၊ရွှေမှန်တင်လမ်းမမေးတင်၊ကျွန်းကလေးရွာ၊ လှည်းကူး၊ 1PT၊ ရေ+မီး၊ ဥယျာဉ်ခြံမြေ၊ (၁၂၀'×၃၀၀')။

Ph:09-5155001, 09-73056793, 09-250082021, 09-799972097

# နိုင်ငံတကာအားကစားနည်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျစီမံဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံပင်မဆောင်၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့်တောင်ကြီးမြို့တို့၌ အားကစားနှင့် ကာယပညာသိပ္ပံများတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့မှု၊ အားကစားနည်းအလိုက်သင်တန်းသားများရွေးချယ်ထားရှိမှု၊ အားကစားနည်းများနှင့်စာပေပညာလေ့ကျင့်သင်ကြားပေးနေမှု၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများမွေးထုတ်ပေးနိုင်ရေးတို့အတွက် လက်ရှိဆောင်ရွက်ထားရှိမှုများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့် အနာဂတ်လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အားကစားနှင့်ကာယပညာသိပ္ပံများ ပေါ်ထွန်းလာပြီဖြစ်၍ အားကစားကဏ္ဍတွင် အထိုက်အလျောက်ဖွံ့ဖြိုးတိုးတက်မှုများရရှိလာမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း အားကစားပညာသိပ္ပံများ၌ မိမိတို့ရိုးရာအားကစားနည်းများနှင့် လက်ရှိလေ့ကျင့်သင်ကြားပေးနေသည့် အားကစားနည်းများအပြင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်စေရန် ပြေးခုန်ပစ်၊ ရေကူး စသည့် နိုင်ငံတကာအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းရေတိုရေရှည် စီမံချက်များ ရေးဆွဲ၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့●**





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ယနေ့မာတိကာ

**ဖွံ့ဖြိုးမှု အနည်းဆုံးအဆင့်မှ လွတ်မြောက်ရမည်** စာမျက်နှာ - ၂

**စာဆိုတော်နေ့** စာမျက်နှာ - ၆

**စစ်ကားတစ်ကားကို ရိုက်ကူးတော့မယ်ဆိုရင်** စာမျက်နှာ - ၁၂

## ဥပဒေကြမ်းပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် "ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း" စာမျက်နှာ (၆)မျက်နှာ အပိုပါရှိပါသည်။

# ကက်သလစ်(ခရစ်ယာန်)ဂျူဘီလီပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

သတင်း - ခင်ဇာလီ(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

နှစ်(၅၀၀)ပြည့် ကက်သလစ်(ခရစ်ယာန်)သာသနာဂျူဘီလီပွဲတော်ကို ရန်ကုန်မြို့ စိန်မေရီကာသီဒြယ်သလစ်ဘုရားရှိခိုးကျောင်း၌ နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်ထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

"ပွဲကျင်းပရခြင်းကတော့ ပထမဦးဆုံးအနေနဲ့ မြန်မာပြည်မှာရောက်ရှိလာတဲ့ကျွန်တော်တို့ရဲ့ ရှေးရိုးသာသနာတော်ပြုတွေကို ပြန်ပြီးတော့ ဂုဏ်ပြုတာပါ။ ပြီးတော့ ဘုရားရှင်ကို ပြန်ပြီးတော့ ကျေးဇူးတင်တာပါ။ ဒီနှစ် ၅၀၀ လုံးလုံး ကျွန်တော်တို့ကို သာသနာမျိုးစေ့ချထားပေးခဲ့တဲ့အတွက် ပြန်ပြီးတော့ ကျေးဇူးတင်တယ်။ ကက်သလစ်အသင်းတော်က နိုင်ငံတော်နဲ့ ပေါင်းပြီးတော့ နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အမြဲတမ်း တစုတပေါင်းတည်း စိတ်ထားတယ်။ ပြီးတော့ ကျွန်တော်တို့အားလုံးက စည်းလုံးညီညွတ်ခြင်းနဲ့ နေထိုင်ကြတဲ့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြတယ်။ ဒီထဲမှာ လူမျိုးခွဲခြားတာမရှိဘူး၊ အဆင့်အတန်းခွဲခြားတာမရှိဘူး၊ အားလုံးက စည်းလုံးတဲ့၊ ငြိမ်းချမ်းတဲ့မိသားစု နိုင်ငံတော်တစ်ခု

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့○**

# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၂၁**

သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

မြန်မာ့ဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မြန်မာယူ-၂၀ အသင်းမှာ ယင်းပြိုင်ပွဲအတွက် စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။

မြန်မာလူငယ်အသင်းမှာ နိုဝင်ဘာ ၁၇ ရက်ကတည်းက စတင်လေ့ကျင့်နေခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် ကစားသမားအချို့ကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှ ယူ-၁၉ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများထဲမှ ခြောက်ဦးလုံးကို သက်ဆိုင်ရာ ကလပ်အသင်း များသို့ ပြန်လည်စေလွှတ်ခဲ့ပြီး ကစားသမားခုနစ်ဦးကို ပြန်လည်အစားထိုးရွေးချယ်ခဲ့သည်။ မြန်မာလူငယ်အသင်းသည် ရှိုင်းသူရ၊ ရွှေဝင်းထွန်း၊ သန့်ဇင်ညို၊ ရန်လင်းအောင်၊ ချစ်လှအောင်နှင့် အောင်ဟိန်းစိုးဦးတို့ကို ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ဝေလင်းအောင်၊ ညီညီလွင်၊ ရဲဝင်းလှိုင်၊ ကျော်ဇင်ဦး၊ မောင်မောင်ဝင်း၊ ဝေယံထိုက်နှင့် အောင်ကောင်းမာန်တို့ကို အားဖြည့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းကို ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ဂျာမန်လူမျိုးဂတ်ဖရိုင်းဒရစ်ကပင် ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။မြန်မာလူငယ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့■**








themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

## အထက ပုတီးကုန်းမြို့ မြတ်ဆရာပူဇော်ပွဲ

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ် ဆရာပူဇော်ပွဲကို အထက ပုတီးကုန်းမြည်သီလာခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

-ပူဇော်ပွဲအကြိုမိတ်ဆုံညစာစားပွဲ - ၂၆-၁၂-၂၀၁၄ရက်(သောကြာနေ့) ည ၆း၀၀နာရီ
-အရုဏ်ဆွမ်းကပ်၊ တရားတော်နာ - ၂၇-၁၂-၂၀၁၄ရက်(စနေနေ့) နံနက် ၅း၃၀နာရီ
-မြတ်ဆရာပူဇော်ပွဲအခမ်းအနား - ၂၇-၁၂-၂၀၁၄ရက်(စနေနေ့) နံနက် ၉း၀၀နာရီ

**ဆရာကြီး/ဆရာမကြီးများအား နေ့လယ်စာဖြင့် ဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများအား ပုတီးကုန်းထမင်းသုပ်ဖြင့် ဧည့်ခံပါမည်။**

**အလှူငွေများကို အောက်ပါဖုန်းများထံဆက်သွယ်၍လှူဒါန်းပေးပါရန် နှိုးဆော်အပ်ပါသည်။**

| ပုတီးကုန်း | | ရန်ကုန် | |
|---|---|---|---|
| ဦးမောင်မောင် | 09-31450410 | ဦးဇော်ကြီး | 09-448021606 |
| ဦးမိုးမိုးကျော် | 09-31667693 | ဦးလွင်ဦး | 09-5415907 |
| ဦးမြင့်ထွန်းအောင် | 09-31595305 | ဦးမျိုးမြင့်စန်း | 09-5412033 |
| ဦးဝင်းကိုကို | 09-423697064 | ဦးကျော်ဆွေဝင်း | 09-73218609 |
| ဦးသိန်းထွန်းအောင် | 09-423754698 | ဒေါ်ရီရီသွင် | 09-73088719 |
| ရိုးမဘဏ်(ပေါင်းတည်) | 051315004178 | | |

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**

## မြောက်ဦးဆရာတော်၏ အကြိမ်(၄၀)မြောက် (၁၀)ရက် အထူးအလုပ်ပေးတရားစခန်း

နေရာ - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာဂီလမ်း၊ ညဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ (အမှတ် ၃-လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင်ဆင်းပါ)

တရားစခန်းရက် - ၁၃၇၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက်မှ ပြာသိုလဆန်း ၂ရက်ထိ။ ၁၂-၁၂-၂၀၁၄ ရက်မှ ၂၂-၁၂-၂၀၁၄ရက်အထိ။

စာရင်းလက်ခံမည့်နေ့ - ၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း ၁၀၊ ၁၁၊ ၁၂ရက်၊ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁၊ ၂၊ ၃ ရက်၊ နံနက် ၉နာရီမှ ညနေ ၃နာရီအထိ။

မှတ်ချက် - တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ(၅၀၀၀)ကျပ် ကိုတစ်ပါတည်းပေးသွင်း ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**

**ဖုန်း ၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး

**အမှတ်စဉ် (၁၄) အခြေခံသူနာပြုစုခြင်းနှင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု (၆) လသင်တန်းဖွင့်မည်။**

**(Basic Nursing and Old Age Care Training Course)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားလူနာများအား အထောက်အကူပြုရန် ဖွင့်လှစ်သောသင်တန်းဖြစ်၍ အနည်းဆုံး (၉) တန်းအောင် ကျား၊ မ အသက်(၁၈) နှစ်မှ (၃၀) နှစ်အတွင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ (၂၅. ၁၂. ၂၀၁၄) ရက်နေ့ နောက်ဆုံးထားလျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ရိပ်သာကြီးဘိုးဘွားဆေးရုံတွင် ရယူနိုင်ပါသည်။ (၁. ၁. ၂၀၁၅) ရက်နေ့ သင်တန်းစဖွင့်မည်။ **(ကန့်သတ် ၂၀ ဦးသာ)**

ဖုန်း - ၅၄၁၇၉၆, ၅၄၁၇၉၇, ၅၄၆၁၉၆ (လိုင်းခွဲ) ၄၁၈ ထံဆက်သွယ်ရန်။

## ဆွာ (အ.ထ.က) ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရေတာရှည်မြို့နယ်၊ ဆွာ (အ. ထ. က) ကျောင်းသား/သူဟောင်းများ၏ **ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ** ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်၊ (တနင်္ဂနွေနေ့) (လွှတ်လပ်ရေးနေ့) နံနက်(၉း၀၀)နာရီတွင် (အ. ထ. က) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆွာမြို့ (အ. ထ. က)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော **အသက်(၆၀)နှစ်ပြည့် အငြိမ်းစားဆရာကြီး/ ဆရာမကြီးများ** နှင့် ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်(မပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို M.O.B Bank (တောင်ငူ) Bank Account (302-121-0035757) နှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) ဦးကျော်ညွန့် | ၀၉-၄၂၈၁၄၇၄၈၈ | (၂) ဦးမြင့်အေး | ၀၉-၄၉၄၃၅၁၄၈ |
| (၃) ဦးကြည်ရွှင် | ၀၉-၄၉၄၃၅၃၂၂ | (၄) ဒေါ်လှလှဝင်း | ၀၉-၅၃၅၁၆၉၅ |
| (၅) ဒေါ်အေးအေးသိန်း | ၀၉-၂၅၀၄၀၁၄၀၇ | (၆) ဒေါ်ဥမ္မာဦး | ၀၉-၄၂၈၁၄၀၂၃၈ |
| (၇) ကိုကျော်သီဟ | ၀၉-၅၁၉၅၃၉၃ | (၈) ဦးညွန့်တင်(TRI ကဖီး) | ၀၉-၄၂၈၁၉၇၅၃၆ |
| (၉) ဦးစစ်ကို(နန်းအောကဖီး) | ၀၅၄-၇၀၀၆၅ | (၁၀) ဒေါ်တင်တင်အေး | ၀၉-၅၀၅၀၉၅၆ |

## ဖိတ်ကြားခြင်း

ကျွန်တော်များ **Myanmar Pou Chen Company Limited** မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်တွင် တည်ဆောက်မည့် ဖိနပ်စက်ရုံ၏ ကနဦးပတ်ဝန်းကျင် လေ့လာဆန်းစစ်ခြင်း **(Initial Environmental Examination-IEE)** လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြခြင်းနှင့် အများပြည်သူသဘောထား ရယူခြင်း**(Public Hearing)**ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပါသဖြင့် တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ် ပါသည်။

ရက်စွဲ ။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်၊(တနင်္လာနေ့)
အချိန် ။ နေ့လည်(၂း၀၀နာရီ မှ ၃း၀၀ နာရီအထိ)
နေရာ ။ အမှတ်(၈၁)၊ကျောက်စိမ်းလမ်း၊သာစုကန်စက်မှုဇုန် (၃/၄)၊ ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

အထက်ပါတွေ့ဆုံပွဲသို့ တက်ရောက်နိုင်ရန်အတွက် ကြိုပို့ယာဉ်စီစဉ်ပေးမည်ဖြစ်ပါသဖြင့် ရန်ကုန်မြို့မှ ကြိုပို့ယာဉ်ဖြင့် လိုက်ပါလိုသူများအနေဖြင့် တယ်လီဖုန်းအမှတ်-၀၉-၄၂၀၁၀၈၆၇၂၊ ၀၉-၇၉၅၂၅၃၉၇၉ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၃။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၆။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | ဤသင်တန်းဌာနမှအခြေခံ(အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။ |
| ၇။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)(စီမံ/ဘဏ္ဍာ) | -စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| | (အခန်းဌာန) (အစားအစာနှင့် အဖျော်ယမကာဌာန) | -တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

သင်တန်းကာလ။ ၂၄-၁၁-၂၀၁၄ မှ ၁၆-၁-၂၀၁၅ထိ

**သင်တန်းဆိုင်ရာ အချက်အလက်ဆက်သွယ်စုံစမ်းရန်**

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၄၈၁၆**

## ဟိုတယ် မန်နေဂျာ သင်တန်း

**Front Office Operations (Management)**

သင်တန်းများ နိုဝင်ဘာ (၂၈) ရက် စမည်။
(၂၆-၂၇) စာအုပ်ပြပွဲအတွင်း အပ်နှံနိုင်ပါသည်။

**HOST Management Academy**

အမှတ် (၃၂)၊ မြေနုလမ်း၊ စမ်းချောင်း၊ ရန်ကုန်။
www.facebook.com/hostwelcomeu
09 5199071, 09 6815637

## အမြန်ငှားမည်။

**ဘဏ်၊ Car Show Room၊ ကုမ္ပဏီရုံးခန်း ဖွင့်ရန်ကောင်းသည်၊**

(1) 85'x 85' ၊ RC 4ထပ်တိုက်အဆောက်အဦး၊ ၈၅လမ်း နှင့် ၃၀လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊

(2) 65' x 75' = 5000 Squre မြေကွက်လပ် ၊ ၁၁လမ်းထိပ် ရန်ကုန်–မန္တလေး လမ်းမကြီး၊ ကျွဲဆည်ကန် ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊

ဆက်သွယ်ရန် **09-5017911, 09-5103508**


## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၄၅/၂၀-ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၆၂)၊ ပေ(၂၀×၆၀)မြေကွက်နှင့်အကျိုးခံစားခွင့်အား လုံးကို တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်လှလှထွေး[၁၂/လမန(နိုင်)၁၂၇၄၁၂]ထံမှ ဦးကြည်ရွှင် အမည်ပေါက်မြေချပါမစ်မိတ္တူ အပါအဝင် ဆက်စပ်စာချုပ်နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ပေရယ်မိုး[၁၂/လမန (နိုင်)၁၄၀၁၄၂]နှင့် ဒေါ်သဲဆုအောင်[၁၂/လမန(နိုင်)၁၅၁၉၆၀]တို့က ၇-၄-၂၀၁၁ရက်တွင် နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်ကတိစာချုပ် ပြုလုပ်၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးလက်ရောက် ရရှိခဲ့ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ ဒေါ်ပေရယ်မိုးနှင့် ဒေါ်သဲဆုအောင်တို့ကသာပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊ အထက်တန်းရှေ့နေ(စဉ်-၂၅၄၄၃)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊မြေကွက်အမှတ် (၄/ခ)၊ မြေဧရိယာ(၀. ၀၂၈)ဧက။ မြေအကျယ်ပေ(၂၀×၆၁)ရှိ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ပင်လုံလမ်းမကြီး၊ အမှတ်(၄/ခ)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်လဲ့လဲ့ဝင်း[၁၂/ဒဂမ(နိုင်)၀၀၉၈၄၀]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်**
**(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၉၉၁၇)**
**LL.B,D.B.L,D.M.L,D.I.L(WIPO-Switzerland)**
**ခနသိဒ္ဓိ အိမ်ခြံမြေနှင့် စာချုပ်စာတမ်းများဆိုင်ရာ ဥပဒေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ်(၅၂)၊ ပထမထပ်(ခြေရင်းခန်း)၊ ၁၆၅-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၆၂၆၇၆၊ ၀၉-၇၉၉၉၇၂၆၇၆၊ ၀၉-၄၄၈၀၂၅၈၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အနောက်)၊ မြေကွက်အမှတ်(၆၈၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၈၁/ခ)၊ ဝေဇယန္တာ(၁၅)လမ်းအနောက်၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးရွှေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေ(ဖခင်)နှင့် ဒေါ်အုန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးကြည်ထိုး[၇/ပမန(နိုင်)၀၉၁၃၃၅]၊ ဒေါ်ခင်သက်မော်[၁၂/သကတ(နိုင်)၁၀၁၈၃၈]တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၁၄)ရပ်ကွက်၊ အမှတ်(၉၉၉)၊ ပေ(၄၀×၆၀) မြေကွက် အမည်ပေါက် ဦးဇူမန်းခန်း (ISN-559623)ထံမှ ရန်ကုန်မြို့၊ ကြီးပွားရေး ရပ်ကွက်၊ ပင်လုံအိမ်ရာမှ ကျွန်တော် ဦးအောင်ကျော်ဦး [၁၂/သဃက(နိုင်)၀၅၀၈၅၀]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်ကျော်ဦး**
**[၁၂/သဃက(နိုင်)၀၅၀၈၅၀]**
**ဖုန်း-၀၉-၄၂၀၇၅၄၃၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၂)၊ မြေကွက်အမှတ် (၂၆၂)၊ မြေကွက်တည်နေရာ အမှတ် (၂၆၂)၊ (၁၃၂) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးအောင်သန်း -၂) အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးအောင်သန်း (၂) ကွယ်လွန်သဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်တင်ရွှေထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ဒေါ်အေးအေးဝင်း (၁၂/ ဥကတ (နိုင်) ၁၅၃၄၇၃) မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များနှင့် အမည်ပေါက်သေစာရင်းတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့် သူမပေါ်ပေါက်ပါက ဌာနလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-မြောက်)၊ မြေကွက်အမှတ်(၅၉၃)၊ မြေကွက်တည်နေရာအမှတ်(၅၉၃)၊ သဒ္ဒါရုံလမ်း၊ ၂/မြောက်-ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြင့်စိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်စိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ညွန့်[၁၂/သကတ(နိုင်)၁၀၅၀၉၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

